ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀) ရက် ၊ တနင်္လာနေ့ ၊ (16-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၁)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများကို ရင်းနှီးနွေးထွေးစွာနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လဟယ်မြို့သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်
အယ်ဒီတာ့အာဘော်

## လမ်းညွှန်း၊ လမ်းအမှတ်အသားများ တစ်ပြေးညီလိုက်နာ

မော်တော်ယာဉ်မောင်းနှင်သူများ၊ လိုက်ပါစီးနင်းသူများနှင့် မော်တော်ယာဉ်များဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ သွားလာလျက်ရှိသူများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လိုအပ်သည်။ လူ၏အသက်ထက် အဖိုးတန်သောအရာ ဘာမျှမရှိဟူသည့်အတိုင်း လမ်းတစ်လျှောက် နေထိုင်သွားလာသူများ၊ မော်တော်ယာဉ်လိုက်ပါစီးနင်းသူများ၊ မောင်းနှင်သူများအားလုံး အသက်အန္တရာယ်ကင်းစေရန်နှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရန် ဆောင်ရွက်လျက်ရှိရာတွင် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ် မှန်ကန်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ကုန်တင်မော်တော်ယာဉ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များ၊ အိမ်စီးကားများ၊ မည်သည့်မော်တော်ယာဉ်ပင်ဖြစ်စေ မောင်းနှင်ဖြတ်သန်းသွားလာကြရာတွင် လမ်းကိုအသုံးပြုကြရပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကိုကြည့်ရှုကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မိမိတို့လိုရာခရီးသို့ အန္တရာယ်ကင်းစွာရောက်ရှိနိုင်ကြမည်ဖြစ်သည်။

လက်ရှိတွင် မော်တော်ယာဉ်များ အသီးသီးမောင်းနှင်သွားလာကြရာတွင် တစ်မြို့မှတစ်မြို့၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုမှ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုသို့ ဖြတ်သန်းကြရာတွင် ကြည့်ရှုမောင်းနှင်ကြရသော လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ် မှန်ကန်မှုရှိပါက မောင်းနှင်သွားလာသူများအဖို့ မည်သည့်ရပ်ရွာဒေသသို့ ရောက်ရှိဖြတ်သန်းသည်ဖြစ်စေ အလွယ်တကူနားလည်သိရှိနိုင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်သွားလာနိုင်မည်ဖြစ်သလို ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း ကြိုတင်ကာကွယ်ပြီးဖြစ်သည်။

စင်စစ်လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် လမ်းတစ်လျှောက်သွားလာရာတွင် မည်သည့်နေရာ၌ လမ်းဆုံရှိသည်၊ မည်သည့်နေရာ၌ လမ်းကျဉ်းရှိသည်၊ မည်သည့်နေရာ၌ ချိုးကွေ့နိုင်သည် စသည့်လမ်းအနေအထားများကို ရုပ်ပုံအမှတ်အသားဖြင့် သိသာမြင်သာအောင် ဖော်ပြထားခြင်းဖြစ်ရာ ယာဉ်၊ လမ်းအသုံးပြုသွားလာသူတို့အတွက် မသိမဖြစ် မရှိမဖြစ် အမှတ်အသားသင်္ကေတများဖြစ်သည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရန်အတွက် လမ်းညွှန်းနှင့် လမ်းအမှတ်အသားများကို ဖြည့်ဆည်းပေးနေပြီဖြစ်သလို အဆိုပါလမ်းညွှန်းများကို ကြည့်ရှုသွားလာခြင်းဖြင့် အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ လိုရာခရီးကိုရောက်ရှိနိုင်မည်ဖြစ်သည်။ ယခင်က တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ မိမိတို့မြို့ပြဒေသအလိုက် သတ်မှတ်ဖော်ပြထားသော လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများက ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီပြည့်စုံညီညွတ် မှန်ကန်လာတော့မည်ဖြစ်ရာ ခရီးသွားလာမှု၊ ကူးသန်းရောင်းဝယ်မှုအပါအဝင် လူမှုဘဝများကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယာဉ်အန္တရာယ်ကင်းဝေးကြ၍ လိုရာခရီးကို အချိန်တိုအတွင်း ကောင်းစွာရောက်ရှိစေရန် အထောက်အကူပြုသောလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တညီတညွတ်တည်းရှိနေရန် ဆောင်ရွက်မှုအပေါ် ဝမ်းမြောက်လိုက်လှဲစွာအားပေးကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၂၇၅၀၃၅ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးတွေ၊ ကျောင်းတွေလဲ ပိတ်တော့ ဘုရားဖူးဦးရေတိုးပြီး စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူပြီး အပန်းဖြေကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲ ထားရှိပေးထားပြီး ဝင်ရောက်လိမ်းခြယ်ကြသူတွေနဲ့ စည်ကားနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၈၈၇ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညထိ ဘုရားဖူး ၂၇၁၄၃၃ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၇၁၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

## ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ ဈေးနှုန်း အနည်းငယ်မြင့်တက်လာ

**မန္တလေး ဇန်နဝါရီ ၁၅**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ ပြည်တွင်းရွှေဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ကမ္ဘာ့ရွှေဈေးဆက်တိုက် မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ်ပိုင်းတွင်လည်း ပုံမှန်အခြေအနေသာရှိကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးနှုန်းတွေ ဒီတစ်ပတ်ထဲမှာ မြင့်တက်လာတယ်လို့ ပြောရမှာပါ။ ကမ္ဘာ့ရွှေဈေးက မြင့်တက်လာတော့ ပြည်တွင်းဈေးတွေလဲ မြင့်တက်လာတာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်အနေအထားမှာပဲ ရှိပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၂၁ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၆ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၁၉၂၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၆ ရက်က ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၄ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၅၂၂၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၄၇၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက်က ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၅၈၅၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၅၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ၅၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၅၁၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ရှိကြောင်း သိရသည်။ (၁၇၃)

## မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့တရုတ်ကြက်သွန်ဖြူဝယ်ယူမှု များပြားလာခြင်းကြောင့် ဈေးကွက်အတွင်း ကုန်စည်လက်ကျန် နည်းပါးလာပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"ဇန်နဝါရီလ ပထမပတ် လောက်ကစပြီး အရည်အသွေးကောင်းမွန်တဲ့ တရုတ်ကြက်သွန်ဖြူတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ အခုလတ်တလော ဈေးကွက်ထဲ ကုန်စည်လက်ကျန်ကလဲ တဖြည်းဖြည်းနည်းပါးလာတာကြောင့် တရုတ်ကြက်သွန်ဖြူတွေ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ ပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၁၄ ရက် ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူကို လက်လီလက်ကားရောင်းချနေတဲ့ပွဲရုံတွေမှာလဲ အဝယ်ပြန်များလာတာကြောင့် ကုန်ပစ္စည်းလက်ကျန်နည်းလာတယ်။ အခု လက်ကျန်တွေကိုပဲ ဆက်ပြီးရောင်းပေးနေတယ်။ အခုကတော့ တရုတ်ကြက်သွန်ဖြူတွေ ရှားနေတာကြောင့် ဈေးကောင်းလဲ ပြန်ရနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးမိတ်မြို့နယ်တွင် တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်) လမ်းပိုင်း ကတ္တရာချဲ့ခြင်းအပါအဝင်လမ်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုးမိတ် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် လမ်းဦးစီးဌာနက တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းပိုင်း ကတ္တရာချဲ့ခြင်းအပါအဝင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရနှင့် တာဝန်ရှိသူများက တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၇၁ ဒသမ ၇၆ သန်းဖြင့် ဆောင်ရွက်သည့် အကျယ် ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆၂၈ သန်းဖြင့် အကျယ် ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ကျောက်တောင်ဖို့ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းပိုင်း ကတ္တရာချဲ့ခြင်းလုပ်ငန်းသည် အရှည်သုံးမိုင်သုံးဖာလုံနှင့် အကျယ် ၁၈ ပေရှိပြီး မိုးမိတ်မြို့နယ် လမ်းဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ကျောက်တောင်ဖို့လမ်းချဲ့ခြင်းလုပ်ငန်းသည် အရှည်နှစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၈ ပေဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းပိုင်းတွင် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ၊ သာမန်မြင်ဆင်ထိန်းသိမ်းခြင်း၊ အမာခံလမ်းပခုံးပြုပြင်ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ အမာခံလမ်းပခုံးကြိတ်ခြင်း၊ Road Furniture လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိုးမိတ်ခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မော်ရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါက်တာဦးတင်အုန်း-ဒေါက်တာဒေါ်မြင့်မြင့်ဝင်း သစ္စာရာဇဆေးရုံမိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ပေတောမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကစိုက်ပျိုးပြီးစီး



**ပေတော ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပေတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ပေတောမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထား ၂၆၉၈ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံလျာထားဧကအားလုံး ယနေ့တွင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပေတောမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကလျာထားစိုက်ပျိုးခဲ့ပြီး ယခုအခါ ဧကအားလုံး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် မစိုက်မီအချိန်ကတည်းက ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာဌာန အသီးသီးကလဲ လိုအပ်သလို ချိတ်ဆက် ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားချက်ဧကရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ပေတောမြို့နယ်တွင် စပါးအပြင် စားဖိုဆောင်သီးနှံများကိုလည်းစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး စသည့်သီးနှံများကို စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသည့်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပေးအပ်

**မြို့သစ် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် သန်းကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဈေးဦးစွာ မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သန်းကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မြေပုံမြို့နယ် ကျေးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မြေပုံ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျေးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မျိုးမြတ်ထည်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ကျေးတောကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၀၇၂ သန်းဖြင့် အလျားပေ ၂၀၀၊ အနံ ပေ ၂၀၀၊ အနက် ခြောက်ပေ မြေသားရေကန်တူးဖော်ခြင်း၊ အရှည်ပေ ၁၂၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို မျိုးမြတ်ထည်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက ကျေးတောကျေးရွာရှိ အိမ်ခြေ ၂၆၉ အိမ်၊ လူ ၁၁၅၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# စာပေရဲ့ ကျေးဇူး

## ချစ်နိုင်(စိတ်ပညာ)

**"အခြေပါဒ၊ သင်ဦးဇော၊ ချနည်းမကျယ်
ဓိပ္ပာယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း
နားထွင်းနည်းသို့၊ ညံ့ဖြည်းမွေ့မွေ့၊ တရွေ့ရွေ့လျှင်
တနေ့တာထူး၊ ကျေးဇူးရှဲ့ထွင်၊ ကျမ်းရိုးငင်လျက်"
ရှင်မဟာရဋ္ဌသာရ(၁၄၆၈-၁၅၃၁)**

အင်းဝခေတ် နန်းတွင်းသားလို့ ပြောနိုင်တဲ့ မင်းဆွေမင်းမျိုးမှ မွေးဖွားသန့်စင်ခဲ့သူ မောင်မောက်ဟာ ငယ်စဉ်ကလေးဘဝကပင် သမီးတော်များနားထွင်းပွဲသဘင်ဝယ် လက်တန်းကဗျာ လင်္ကာဖွဲ့ဆိုဂုဏ်ပြုတဲ့အတွက် ဘုရင်ကိုယ်တော်တိုင်က ဆုတော်လာဘ်တော်တွေ ချီးမြှင့်ပေးသနားတော်မူခြင်းခံယူရသူ ပါရမီရှင် စာဆိုလေးဖြစ်ပါတယ်။ အရွယ်ရောက်တော့ သာမဏေဝတ်ခဲ့တယ်။ သက်တော် ၂၀ မှာ ရဟန်းဘဝရောက်တယ်။ ပရိယတ္တိစာပေမှာ ကျမ်းကုန်အောင် သင်ယူတတ်မြောက်သလို ဆန်းအလင်္ကာနဲ့ပတ်သက်ရင်လည်း အင်းဝခေတ်မှာထွန်းကားတဲ့ ပျို့ကဗျာတွေ ရေးဖွဲ့သီကုံးရာမှာ တစ်နိုင်ငံလုံးကျော်ကြားထင်ရှားခဲ့ပါတယ်။ ဖခင်ဗညားအိမ်(ရှင်မဟာရဋ္ဌသာရရဲ့ ခမည်းတော်)ဟာ ရာဇဝင်မှာထင်ရှားလှတဲ့ ရှင်စောပုရဲ့ သမီးတော်မှ ဆင်းသက်တဲ့ မြေးတော်ဖြစ်တယ်။ မောင်မောက်ရဲ့မိခင်ဆိုလည်း အင်းဝမြို့တည်နန်းတည် ဘုရင်သတိုးမင်းဖျားရဲ့ အနွယ်တော်ဖြစ်ပါတယ်။ ရာဇဝင်အထောက်အထားတွေအရ အဖမျိုးရိုးဘက်ကတော့ အမိဘက်ကပါ ရာဇသွေးပါတဲ့ မျိုးကောင်းမျိုးသန့်ဆိုတာ အထင်အရှားမှတ်သားရပါတယ်။

ဘုရင်မင်းခေါင်ကိုယ်တိုင်က ရှင်မဟာရဋ္ဌသာရ အလောင်းတော်မောင်မောက်ကို အထူးဦးစားပေးခဲ့တာလည်းတွေ့ရတယ်။ နန်းတွင်းမှာ ကြီးပြင်းခဲ့တဲ့ နန်းတွင်းသားပီပီ ငယ်စဉ်ကတော့ မာန်မာနရှိခဲ့ဖူးပါတယ်။ တော်လည်းတော်၊ ကျော်လည်းကျော်တော့ ခေါင်းမော့ရင်ကော့ လူငယ်လေးတစ်ယောက်ဖြစ်ခဲ့ပေတယ်။ သမီးတော်သုံးပါးနဲ့စပ်လျဉ်းပြီး ကဗျာလင်္ကာဆက်သွင်းရာမှာ ရှုတ်ခြည်းဖွဲ့ဆိုခဲ့လို့ ပရိသတ်ဗိုလ်ပါအများအံ့အားသင့်ချီးမွမ်းကြရပါတယ်။

**မင်းလှမြတ်ဖွဲ့**

"အိုဘယ့်ဘယ်၊ အိုဘယ့်သမီးတော်၊ နတ်သော်ပုံမယွင်း။"

**ရှင်ရိုးမင်းဖွဲ့**

"အိုဘယ့်ဘယ်၊ အိုဘယ့်သမီးတော်၊ ရွှေလှော်သွန်းပုံဆင်း။"

**မင်းဘုန်းထွတ်ဖွဲ့**

"အိုဘယ့်ဘယ်၊ အိုဘယ့်သမီးတော်၊ စန္ဒော်လနှယ်ဝင်း။"

အသက် ၁၀ နှစ်သားအရွယ် ကလေးသာသာ လူငယ်တစ်ယောက်ရဲ့ ဂုဏ်မြောက်လှတဲ့ကာရန်ဝါကျ ညီညွတ်လှလို့ ထင်ရှားခဲ့တယ်။ မောင်မောက်ဟာ အသက် ၁၆ နှစ်သားအရွယ်မှာ "ဘူရိဒတ်လင်္ကာကြီး" ကို သီကုံးရေးသားပါတယ်။ အသက် ၂၆ နှစ်အရွယ် ရဟန်းဘဝမှာ "ဘူရိဒတ်ဇာတ်ပေါင်းပျို့"ကို ဖွဲ့ဆိုပြုစုပြန်တယ်။ စာပေကျမ်းဂန်ဆည်းပူးလေ့လာရုံသာမက ရဟန်းဘဝမှာ တပည့်တပန်းရဟန်းသံဃာအပေါင်းတို့အား စာပေပို့ချပေးပါသေးတယ်။

ရှင်မဟာရဋ္ဌသာရဟာ မော်ကွန်း၊ ပျို့၊ လင်္ကာများစွာသောစာကောင်းပေမွန်တို့ကို ထူးချွန်စွာ စာပေအမွေတွေပေးခဲ့တဲ့ ရဟန်းစာဆိုအကျော်ဖြစ်ပါတယ်။

အင်းဝထီးနန်းပျက်ပြီး ပြည်မင်းပင့်ဆောင်ရာသို့ လိုက်ပါခဲ့ရတယ်။ စာဆိုရဲ့ မျက်စိရှေ့မှောက်မှာပင် အင်းဝ ဒုတိယမင်းခေါင်နတ်ရွာစံတယ်။ ပြည်မှာ သတိုးမင်းစောဆုံးခဲ့တယ်။ (ဆင်ဖြူရှင် ပြည်သတိုးမင်းစောက ရှင်မဟာရဋ္ဌသာရကို ကျောင်းကြီးတွေ ဆောက်လုပ်လှူဒါန်းတဲ့အပြင် "မဟာသံဃရာဇာ"ဆိုပြီး သာသနာပိုင်အဖြစ်လည်း ပူဇော်တော်မူပါတယ်)။ ဟံသာဝတီမှာလည်း မွန်ဗညားရန်ဆုံးတယ်။ (ရှင်မဟာရဋ္ဌသာရနဲ့ ဆွေမျိုးမကင်းကြပါ)။ ဆရာတော်ဟာ လောကဓံရဲ့ ချီးမြှင့်မြှောက်စားမှုတွေ၊ စစ်ဘေး စစ်ဒဏ်တွေ၊ အခက်အခဲတွေ စတဲ့အကောင်းအဆိုး အမျိုးမျိုးကို ဖြတ်သန်းရင်းမှာပဲ စတုဓမ္မသာရကိုးခန်း ပျို့၊ သံဝရပျို့၊ ဆုံးမစာတွေ၊ မော်ကွန်းတွေ ရေးသား ပြုစုတော်မူခဲ့တာ ယနေ့ထိအောင် ဆည်းပူးလေ့လာ၊ မှတ်သားသင်ယူနေကြရဆဲပါ။

မိမိတို့ငယ်စဉ်က ဆရာတော်ရေးဖွဲ့ခဲ့တာလေးကို အထူးကျက်မှတ်စရာမလိုဘဲ အခါခါဖတ်ရွရွတ်ဆိုရင်းနဲ့ အလွတ်ရခဲ့တယ်။

**"ပုရေနိုသင်၊ ဆက်တိုင်းကြင်၍
အိမ်ရှင်အစေ၊ ငယ်ကျွမ်းချစ်နှင့်
ထပ်ရစ်လက်သင်၊ ထုံးစွင်၌
သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်
ဆရာမိဘ၊ ကွပ်ဆုံးမလည်း
ချစ်ထုံးနှောင်၊ ပျော်ရအောင်ဟု
သန်ကောင်မဟူ၊ အတူယှဉ်၍
သန်လွဲမစန့်၊ အသက်ရှုန်၍
ဝေးရှုန့်စရိုး၊ ချုံကြီးတောခုံ
ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို
မတွေးဆံဖျား၊ မလေးဇေးတည့်။"**

❖ စာဆိုတာ စိတ်ကိုရေးခြင်းဖြစ်တယ်။ စာပေလက်ရာထဲမှာ ရင်ထဲနှလုံးထဲမှာရှိတဲ့ ချစ်ခြင်း၊ မုန်းခြင်း၊ လေးစားခြင်း၊ ပြိုင်ဆိုင်လိုခြင်း၊ ငြူစူခြင်း ခံစားမှုအရိပ်အရောင်တွေက အလိုလိုပါနေတတ်တယ်။ ဒါက စာပေထဲမှာ ကြည့်တတ်ရင်မြင်နိုင်တဲ့ သဘောလက္ခဏာတွေပဲပေ့ါ။ သူ့ထက်အသက်(သက်တော်) ၁၅ နှစ်ကြီးတဲ့ ရှင်မဟာသီလဝံသဟာ သက်တော် ၆၅ နှစ်အရွယ်(ရှင်မဟာရဋ္ဌသာရသက်တော် ၅၀ ရှိနေစဉ်)မှာ ပျံလွန်တော်မူပါတယ်။ ရှင်မဟာသီလဝံသရေးသားပြုစုတော်မူတဲ့ စာပေတွေက ပြောင်မြောက်ထူးချွန်လှတာ အားလုံးပဲအသိမို့ "သဒ္ဒါတွင် ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း"ဆိုတာ ယနေ့ထက်တိုင် ခိုင်မာနေတဲ့မှတ်တမ်းပါပဲ။ ❖

ချစ်သူအတွက်သာဆိုရင်ဖြင့် အသက်ပင်သေသေ စွန့်စားပြီး တွေ့ဆုံမှာပဲလေ။ ဆယ်ကျော်သက်က သတ္တိကောင်းခဲ့ပုံတွေဟာ နှစ်ပေါင်း ၅၀၀ လောက် ကြာညောင်းခဲ့ပေမယ့် ခံစားချက်က မပြောင်းလဲပေဘူး။ အချစ်ရူးက ရူးတုန်းပဲ။

ငယ်စဉ်ကတည်းက အမြင့်ဆုံးအထွတ်အထိပ်မှာပဲ နေခဲ့ရတဲ့ ဆရာတော်ဟာ တောင်တွင်းဆရာတော် စာဆိုအကျော် ရှင်မဟာသီလဝံသ မင်းနေပြည်တော် အင်းဝမြို့ကိုရောက်ရှိ သီတင်းသုံးပြီး ထင်ရှားကျော်ကြားလာတဲ့အခါ သက်တော်ဝါတော်နုစဉ်ကာလမို့ မာနနဲ့ မနာလိုဝန်တိုမှုကို ကလိကလိခံစားခဲ့ရရှာပါတယ်။ ဆရာတော် ရှင်မဟာသီလဝံသ(၁၄၅၃-၁၅၁၈)က ရှင်မဟာရဋ္ဌသာရထက် သက်တော် ၁၅ နှစ်ပိုပြီး ကြီးပါတယ်။ ခေတ်ပြိုင်ရဟန်းစာဆိုတော်တွေဖြစ်ကြပေမယ့် သူ့ပရိသတ်၊ ကိုယ့်ပရိသတ်အားပြိုင်ကြတာကြောင့် အင်းဝရွှေမြို့တော်မှာ အုပ်စုချင်းကွဲပြားကြပုံရပါတယ်။ ရှင်မဟာရဋ္ဌသာရက တော်လည်းတော်၊ ငယ်လည်းငယ်၊ (မျိုးရိုးဂုဏ်နဲ့ အသိုင်းအဝိုင်းလည်း ကြီးမားခဲ့)၊ ထက်လည်းထက်လေတော့ တောင်တွင်းကြီးမှ ရောက်လာတဲ့ ရှင်မဟာသီလဝံသကို မနှစ်မြို့နိုင်ခဲ့ပါ။

စာဆိုတာ စိတ်ကိုရေးခြင်းဖြစ်တယ်။ စာပေလက်ရာထဲမှာ ရင်ထဲနှလုံးထဲမှာရှိတဲ့ ချစ်ခြင်း၊ မုန်းခြင်း၊ လေးစားခြင်း၊ ပြိုင်ဆိုင်လိုခြင်း၊ ငြူစူခြင်း ခံစားမှုအရိပ်အရောင်တွေက အလိုလိုပါနေတတ်တယ်။ ဒါက စာပေထဲမှာ ကြည့်တတ်ရင်မြင်နိုင်တဲ့ သဘောလက္ခဏာတွေပဲပေ့ါ။ သူ့ထက်အသက်(သက်တော်) ၁၅ နှစ်ကြီးတဲ့ ရှင်မဟာသီလဝံသဟာ သက်တော် ၆၅ နှစ်အရွယ်(ရှင်မဟာရဋ္ဌသာရသက်တော် ၅၀ ရှိနေစဉ်) မှာပျံလွန်တော်မူပါတယ်။ ရှင်မဟာသီလဝံသ ရေးသားပြုစုတော်မူတဲ့ စာပေတွေက ပြောင်မြောက်ထူးချွန်လှတာ အားလုံးပဲအသိမို့ **"သဒ္ဒါတွင် ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း"**ဆိုတာ ယနေ့ထက်တိုင် ခိုင်မာနေတဲ့မှတ်တမ်းပါပဲ။

ရှင်မဟာရဋ္ဌသာရရဲ့ စာပေကျေးဇူးတွေက ရေးလို့ဖော်ပြလို့ မကုန်အောင် ကြီးမားကျယ်ပြန့်ပါတယ်။ စာဖတ်သူတွေ ဆက်လက်ဆည်းပူးလေ့လာမှတ်သားကြစေချင်ပါတယ်။

**"ဥဇုဘူတ လုံ့လပြင်းစွာ"**

အစချီစာကို လိုလိုလားလားကြိုးစားသင်ယူကြဖို့ ဆုံးမခဲ့တာ ကြိုးစားသင်ကြားရင်မထင်ပေါ်ဘဲ၊ မကျော်ကြားဘဲ၊ မအောင်မြင်ဘဲ ဘယ်မှာရှိမှာလဲဆိုပြီး စာသင်သားတွေ ခံစားနားဝင်အောင် လှုံ့ဆော်နိုင်ခဲ့တယ်။ ဆရာဆိုတာ အကြောင်းအရာ၊ အချက်အလက်၊ ဗဟုသုတ၊ သိစရာမှတ်စရာတွေကို သင်ပြရုံသက်သက်ပဲ တာဝန်ရှိတာမဟုတ်ဘူး။ အဓိကအခြေခံ အကျဆုံး အရာက စာသင်သားတွေရင်ထဲ **"ပညာကို သင်ယူဆည်းပူးလိုစိတ် နိုးနိုးကြားကြားထက်ထက်သန်သန် အထူးအာရုံဝင်စားလာအောင် လှုံ့ဆော်နိုးဆွဖို့အချက်ဖြစ်တယ်"**ဒီသဘောကို နှစ်ဆယ်ရာစုအနောက်တိုင်း စိတ်ပညာရှင်တွေ၊ ပညာရေးစိတ်ပညာရှင်တွေက လက်တွေ့သုတေသနပေါင်းများစွာအရ အကြိမ်ကြိမ် ရေးသားအသိပေးခဲ့ပါတယ်။

ဘုန်းတော်ကြီးသင် ပညာရေးနဲ့ မြန်မာတို့ရဲ့ ကိုယ့်ထီးကိုယ့်နန်းနိုင်ငံတော်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ ကျော်လောက်ကပင် ထူထောင်တည်ဆောက်ခဲ့ကြတဲ့ မြန်မာလူမျိုးတို့အတွက် သံဃာတော်ဆရာတော်တွေရဲ့ အရှည်အလျားပညာသင်ကြားပို့ချမှု သမိုင်းစဉ်ကြီးဟာ ဘယ်လောက်များ ကျေးဇူးကြီးမားသလဲဆိုတာ စာဖတ်သူစဉ်းစားချင့်ချိန်ကြည့်ပေတော့နော်။

**"သုခိပုဘာ ဝိလိသိဓ
အက္ခရာစွဲသုံး ဤရှစ်လုံးကို
သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"**

အဲဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ ဆီက ဆရာတော်ရှင်မဟာရဋ္ဌသာရရဲ့ ပညာရေးလမ်းညွှန်မှုဝါဒပါပဲ။ ဘယ်လောက်သိပ်သည်းကျစ်လျစ်ပြီး တိကျပြည့်စုံပုံတော့ ပြောပြရှင်းပြနေဖို့တောင် မလိုပါပြီ။

ငယ်ရွယ်စဉ်က မာန်မာနနဲ့ ပြိုင်ချင်ဆိုင်ချင် အနိုင်ယူချင်စိတ်တွေ ဝင်ခဲ့ဖူးတာကို ဆရာတော်ရှင်မဟာရဋ္ဌသာရဟာ သက်တော် ၅၀ လောက်မှာ သတိသံဝေဂများစွာရပါတယ်။ ပျံလွန်တော်မူနှင့်ပြီဖြစ်တဲ့ ဆရာတော် ရှင်မဟာသီလဝံသကို မှားမိခဲ့တဲ့အပြစ်တွေရှိခဲ့ရင် ခွင့်လွှတ်တော်မူပါလို့ စိတ်ကြမ်းမာန်လျှော့ ပူဇော်ကန်တော့ပါတယ်ဆိုတာတွေ ပျို့တွေ၊ လင်္ကာတွေထဲမှာ ထည့်သွင်းရေးဖွဲ့တော်မူခဲ့ပါတယ်။ အမှားသိရင် အမှန်ပြင်ရပေမှာပေ့ါ။

တကယ်တော့ လူဆိုတာ သူသူ ငါငါ မှန်တာတွေလည်းပြုခဲ့၊ မှားတာတွေလည်းရှိခဲ့။ ဒီလိုဖြစ်တတ်တဲ့ သဘာဝတွေ သမိုင်းရာဇဝင်ထဲမှာ၊ စာပေလက်ရာတွေထဲမှာ မြင်တွေ့သင်ခန်းစာရယူနိုင်ပါတယ်။ သူတော်ကောင်းကြီးတွေဟာ မှားရင်မှားတာဝန်ခံ၊ တောင်းပန်၊ ဝန်ချ၊ ပြုပြင်တတ်ကြပါတယ်။ စာဆိုတော် အကျော်အမော်တွေရဲ့ စာပေတွေထဲက အလိမ္မာတွေကို ယူတတ်ကြရင် ကောင်းကျိုးများစွာ ရကြပါလိမ့်မယ်။

# ချောက်မြို့နယ် ထန်းစုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချောက် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ထန်းစုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရေပေးဝေရေး ကော်မတီဝင်များနှင့်အတူ ထန်းစုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထန်းစုရွာသစ်ကျေးရွာ၌ ရေရရှိရေးအတွက် အရှည်ပေ ၇၉၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို VDPစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ထန်းစုရွာသစ်ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူ ၂၆၈ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နွဲ့ယဉ်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့်အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပြည်ပသို့ CMP အထည်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၆၇ သန်းခန့်ရရှိထား

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတွင် CMP လက်ခစားချုပ်ပြီး အထည်စက်ရုံ၊ အလုပ်ရုံ ၇၃၈ ရုံရှိပြီး ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပြည်ပသို့ CMP လက်ခစားချုပ်ပြီး အထည်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၆၇ သန်းခန့်ရရှိထားကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းထံမှ သိရသည်။

အဆိုပါ CMP လက်ခစားချုပ်ပြီးအထည်လုပ်ငန်းများတွင် အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်း ရှစ်ရုံ၊ အခြားသောလုပ်ငန်းလုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံပါဝင်ပြီး သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလကုန်ထိ CMP အထည်တွေ တင်ပို့မှုက အမေရိကန်ဒေါ်လာ ၄၀၆၇ သန်းခန့်ရရှိထားပါတယ်။ ၂၀၂၂ ခုနှစ် ဧပြီလက CMP ချုပ်ပြီးအထည်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၈၅ သန်း၊ မေလမှာ အမေရိကန်ဒေါ်လာ ၃၈၄ သန်း၊ ဇွန်လမှာ အမေရိကန်ဒေါ်လာသန်း ၆၁၀ ကျော်၊ ဇူလိုင်လမှာ အမေရိကန်ဒေါ်လာ ၆၃၆သန်း၊ ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၆၆၂ သန်းကျော်၊ စက်တင်ဘာလမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀၊ အောက်တိုဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၄ သန်း၊ နိုဝင်ဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၆ သန်းနဲ့ ဒီဇင်ဘာလမှာ အမေရိကန်ဒေါ်လာသန်း ၃၆၀ ခန့်ရရှိထားတာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံက အများဆုံး ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ CMP လက်ခစားချုပ်ပြီးအထည် တင်ပို့မှုသည် စက်မှုကုန်ချောတင်ပို့မှုကဏ္ဍတွင်ပါဝင်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆ ဘီလီယံ ရရှိထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။ ASH



# နမ့်ခမ်းမြို့နယ် ကောင်းနောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နမ့်စမ်း ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်စေရန် ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲဖြူနှင်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်းနောင်ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူ ၂၁၃ ဦးတို့၏ လယ်ယာဧက ၂၀၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်မိုး**

## ငြိမ်းချမ်းရေးဆည်းဆာ

\- နေရောင်ခြည် လိမ်းဖျန်းပေးတဲ့
ငြိမ်းချမ်းရေးဆည်းဆာ၊
တိမ်ပန်းတွေ ကောင်းကင်အမောက်ကို
ခါးစောင်းတင် လျှောက်လာ၊
မြူအငွေ့တွေနဲ့
သူမွေ့တဲ့ သည်နယ်ရွှာ
ပြည်မြန်မာ တိုင်းပြည်ဝန်း၊
ဆူဝေဝေ အဆွေးသာပို့တဲ့
အပူတွေ ဘေးခွာလို့
အေးရာသို့လှမ်း။

\- ပန်းလေးတွေ သိန်းသန်းမွှေးတဲ့
ငြိမ်းချမ်းရေး ဆည်းဆာ၊
အစိမ်းရောင် တောတောင်တန်းကို
ကျောပြောင် ထမ်းလာ၊
နှင်းအလှတွေနဲ့
သင်းမြတဲ့ သည်လူ့ရွာ
ပြည်ပြုစရာ ညီစိတ်မွေး၊
ကိုယ်ကျိုးရှာ အမိုက်တရားကို
ဖြိုချိုးကာ အလိုက်မမှားတဲ့
စရိုက်များ သန့်ဖွေး။

\- မြောက်ပြန်လေ သိမ်းလွှမ်းသေးတဲ့
ငြိမ်းချမ်းရေးဆည်းဆာ၊
အနုပညာ ဆောင်းသဘင်နန်းကို
ခေါင်းတင်လှမ်းလာ၊
ကြိုးစားမှုတွေနဲ့
နိုးကြားပြုမဲ့ ရွှေမြန်မာ
မြေကမ္ဘာ ပျံ့ကျော်ကြား၊
ငြိမ်းချမ်းရေး ဆည်းဆာက
မငြီးစရာ မြန်မာ့အလှနဲ့
ထကြွပုံ မြန်မာ့သတ္တိနဲ့
ဉာဏအပြည့် အမှန်ယူလို့
အလံတလူလူ အောင်စိတ်စွမ်းတွေနဲ့
မြန်ဇမ္ဗူအောင်နိမိတ်ကမ်းဆီသို့
အို . . .
လှမ်းဖို့ပါတကား။ ။

**လွမ်းလေးကို(သရက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကာ၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# SCIENCE AND TECHNOLOGY

## နာဆာက ဒရာဂွန်ဖလိုင်းတိုက်တန်ဂြိုဟ်ရံလလေ့လာရေး ရဟတ်ယာဉ်၏ ပန်ကာဒလက်များကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဒရာဂွန်ဖလိုင်းအမည်ရှိ တိုက်တန်ဂြိုဟ်ရံလလေ့လာရေး ရဟတ်ယာဉ်၏ ပန်ကာဒလက်များကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ဒရာဂွန်ဖလိုင်း တိုက်တန်ဂြိုဟ်ရံလလေ့လာရေးရဟတ်ယာဉ်၏ ပန်ကာဒလက်များကို ဓာတ်ငွေ့သိပ်သည်းစွာဖြည့်သွင်းထားသော ဥအလုံပိတ်ပြွန်အတွင်း စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒရာဂွန်ဖလိုင်း တိုက်တန်ဂြိုဟ်ရံလလေ့လာရေး ရဟတ်ယာဉ် ပျံသန်းရမည့် တိုက်တန်ဂြိုဟ်ရံလလေထုလွှာသည် အလွန်သိပ်သည်းသော နိုက်ထရိုဂျင်လေထုလွှာဖြစ်ကြောင်း သိရသည်။

စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သလို ဇီဝဒြပ်ပေါင်းများအကြွယ်ဝဆုံးဂြိုဟ်ရံလဖြစ်သည့် တိုက်တန်ဂြိုဟ်ရံလ၏ လေထုလွှာသည် ကမ္ဘာမြေလေထုလွှာထက် လေးဆပို၍ သိပ်သည်းကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဒရာဂွန်ဖလိုင်း တိုက်တန်ဂြိုဟ်ရံလလေ့လာရေးရဟတ်ယာဉ်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားသည်။

ဒရာဂွန်ဖလိုင်း တိုက်တန်ဂြိုဟ်ရံလလေ့လာရေးရဟတ်ယာဉ်သည် ၂၀၃၄ ခုနှစ်တွင် တိုက်တန်ဂြိုဟ်ရံလဆီသို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းဂြိုဟ်ရံလ၏ ပတ်ဝန်းကျင်အခြေအနေကို ပျံသန်းလေ့လာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

KKO


## နာဆာက မြေကမ္ဘာနီးစပ်အာကာသဒြပ်ထုများ စောင့်ကြည့်ဖော်ထုတ်ရေး NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်ကို စတင်တည်ဆောက်

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က မြေကမ္ဘာနီးစပ် အာကာသဒြပ်ထုများ စောင့်ကြည့်ဖော်ထုတ်ရေး NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်ကို စတင်တည်ဆောက် နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်သည် နာဆာ၏ NEOWISE အာကာသရေဒီယိုတယ်လီစကုပ်နေရာတွင် အစားထိုး နေရာယူမည်ဖြစ်သည်။

NEOWISE အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်းတစ်လျှောက်လုံးတွင် ကမ္ဘာမြေအနီးရှိ အာကာသဒြပ်ထုပေါင်း ၁၅၀၀၁ စင်းကို ရှာဖွေပေးခဲ့ပြီး ကြယ်တံခွန် သို့မဟုတ် ဂြိုဟ်သိမ်များအဖြစ် ခွဲခြားသတ်မှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်သည် တစ်ချိန်တည်းတွင်ကမ္ဘာမြေအနီးရှိ အာကာသဒြပ်ထုအများအပြားကို လေ့လာစောင့်ကြည့်ပေးမည်ဖြစ်သည်။

လက်ရှိတည်ဆောက်နေပြီဖြစ်သော NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်များသည် အလင်းအားလွန်စွာမှိန်ဖျော့သည့် ဂြိုဟ်သိမ်များကိုပင် ထောက်လှမ်းရှာဖွေပေးနိုင်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

KKO

## နာဆာ၏ Lunar Flash Light လလေ့လာရေးအာကာသယာဉ် လဆီသို့ပျံသန်းနေစဉ် ဒုံးကန်အားစနစ်ဖောက်ပြန်မှုဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Lunar Flash Light အမည်ရှိ လလေ့လာရေး အာကာသယာဉ်သည် လကမ္ဘာဆီသို့ပျံသန်းနေစဉ် ဒုံးကန်အားစနစ် ဖောက်ပြန်မှုပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

Lunar Flash Light လလေ့လာရေး အာကာသယာဉ်သည် လေးလကြာ လကမ္ဘာခရီးစဉ်အတွက် လောင်စာသစ်တစ်မျိုးကို စမ်းသပ်ရန် စီစဉ်ထားသော်လည်း ဒုံးကန်အားစနစ်များ၌ ပြဿနာတစ်စုံတစ်ရာရှိနေကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းများနှင့် အဆက်အသွယ်ပြုလုပ်နိုင်ဆဲဖြစ်ကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

နာဆာအဖွဲ့သည် Lunar Flash Light လလေ့လာရေး အာကာသယာဉ်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၂ ရက်က Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် လကမ္ဘာပေါ်၌ ရေခဲပုံစံဖြင့်ရေဓာတ်တည်ရှိမှု ရှိမရှိကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် Lunar Flash Light လလေ့လာရေး အာကာသယာဉ်၏ ဒုံးအင်ဂျင်များကိုနှိုးရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ရောဂါရေရှည်လက္ခဏာအများစုမှာ တစ်နှစ်အတွင်း ပျောက်ကွယ်သွားတတ်

**ဂျေရုဆလင် ဇန်နဝါရီ ၁၅**

ကိုရိုနာဗိုင်းရပ် ကင်းစင်သွားသည့်တိုင် ဆက်လက်ခံစားကြရသည့် အသက်ရှူရခက်ခဲခြင်း၊ စိတ်နောက်ကျိခြင်း၊ အနံ့ သို့မဟုတ် အရသာအာရုံ ပျောက်ဆုံးခြင်းကဲ့သို့သော ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများအနက် အများစုမှာ တစ်နှစ်အတွင်း ပျောက်ကွယ်သွားတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

အစ္စရေး သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများ၏ သဘာဝကို လေ့လာရေးအတွက် လူပေါင်းနှစ်သန်းတို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါဖြစ်ပွားစဉ် အပျော့စား လက္ခဏာများသာပြခဲ့သော လူနာများအတွက် ရေရှည်ရောဂါလက္ခဏာအများစုမှာ တစ်နှစ်အတွင်း ပျောက်သွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် တစ်နှစ်တာကာလအတွင်း၌ ရောဂါလက္ခဏာပြင်းထန်နိုင်မှုကို တားဆီးပေးနိုင်သည့် ကာကွယ်ဆေးများထိုးနှံထားနိုင်ရန် အရေးကြီးကြောင်း၊ ထို့ပြင် ဘဝနေထိုင်မှုပုံစံအပြောင်းအလဲပြုလုပ်ခြင်းအပါအဝင် အထောက်အကူပြုကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများပြင်းထန်မှုကို လျှော့ချနိုင်သည်ဟု သုတေသန ပညာရှင်များက အကြံပြုပြောကြားထားကြောင်း သိရသည်။

KKO

## ပဋိဇီဝဆေးများအလွန်အကျွံသုံးစွဲပါက အူမကြီးရောင်ရမ်းနာ ဖြစ်ပွားနိုင်

**နယူးယောက် ဇန်နဝါရီ ၁၅**

ပဋိဇီဝဆေးများ အလွန်အကျွံသုံးစွဲမှုကြောင့် အူမကြီးရောင်ရမ်းနာရောဂါ (IBD) ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ အသက် ၄၀ နှင့်အထက် ရှိသူများအနေဖြင့် ပဋိဇီဝဆေးများကို အလွန်အကျွံသုံးစွဲပြီးနောက် တစ်နှစ်မှနှစ်နှစ်အတွင်း အူမကြီးရောင်ရမ်းနာရောဂါများဖြစ်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

ထို့ပြင် ပဋိဇီဝဆေးများအနက် Nitroimidazoles နှင့် Fluoroquinolones အုပ်စုဝင်ဆေးများကို အလွန်အကျွံသုံးစွဲခဲ့သူများမှာ အူမကြီးရောင်ရမ်းနာရောဂါများ ဖြစ်နိုင်ခြေအမြင့်မားဆုံးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ ပဋိဇီဝဆေးအုပ်စုနှစ်မျိုးသည် အစာခြေလမ်းကြောင်းစနစ် ကူးစက်ရောဂါများကိုကုသရာ၌ အသုံးပြုသည့်ပဋိဇီဝဆေးများဖြစ်ကြသည်။

သုတေသန ပညာရှင်များ၏အဆိုအရ အထက်ပါပဋိဇီဝဆေးနှစ်မျိုးသည် ရောဂါဖြစ်စေသည့်ဗက်တီးရီးယားများကိုသာမက ကျန်ဗက်တီးရီးယားများကိုပါ ရှင်းထုတ်တတ်ကြောင်း သိရသည်။

ပဋိဇီဝဆေးများ အလွန်အကျွံသုံးစွဲပါက အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံပြောင်းလဲသွားတတ်ပြီး အူမကြီးရောင်ရမ်းနာရောဂါများ ဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Sony Open ပြိုင်ပွဲတတိယနေ့အပြီး အမှတ်ပေးဇယားကို ဘက်ကလေ ဦးဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင်ကျင်းပနေသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘက်ကလေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ခရစ်ကစ်၊ လစ်စကိုင်းနှင့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဘန်တေလာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ခရစ်ကစ်က အမှတ်ပေးဇယားကို ဆက်တိုက် ဦးဆောင်နိုင်ခဲ့ပြီး တတိယနေ့တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သော ဘက်ကလေက အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ဘက်ကလေသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA Tour ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စဉ်အမှတ်ပေးဇယားအား တစ်ကြိမ်တစ်ခါမှ ဦးဆောင်နိုင်ခဲ့ခြင်းမရှိသည့် ကစားသမားဖြစ်ပြီး ယခုပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည်။

ဘက်ကလေက "PGA Tour မှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ သက်တမ်းတစ်လျှောက် တစ်ကြိမ်မှအမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ဖူးခြင်းမရှိသေးပါဘူး။ အခုအကြိမ်က ပထမဆုံးအကြိမ်ပါ။ တစ်ခါမှ မရဖူးသေးတဲ့ အတွေ့အကြုံသစ်ကို ခံစားခွင့်ရခဲ့တာကို ကျေနပ်ပါတယ်။ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့တဲ့ ခံစားမှုကို သဘောကျတယ်။ နောက်ဆုံးနေ့မှာ ဘာတွေ ဖြစ်လာမလဲဆိုတာ ကြိုမပြောနိုင်ပေမဲ့လဲ ကျွန်တော့်အတွက် ပထမဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးခွင့်ရချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



## ပရီးမီးယားလိဂ်ပွဲစဉ် (၂၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၀ | ပဲလေ့စ် |
| နယူးကာဆယ် | ၁ | - | ၀ | ဖူလ်ဟမ် |

## အီတလီစီးရီးအေပွဲစဉ် (၁၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၀ | - | ၂ | လာဇီယို |
| တိုရီနို | ၀ | - | ၁ | စပီဇီယာ |
| အူဒီးနီးစ် | ၁ | - | ၂ | ဘိုလော့ဂ်နာ |


(ဝင)

## အားကစားသတင်း အတိုအထွာများ

- မက်ဒရိုင်းခ်ကို လက်လွှတ်ခဲ့ရသည့် အာဆင်နယ်အသင်းအနေဖြင့် ဘာစီလိုနာတောင်ပံကစားသမား ရာဖင်ဟာကို ခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။
- ခံစစ်ကစားသမား ဂါဗာဒီယိုက ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ရီးရဲလ်မက်ဒရစ်အသင်းတို့၏ ကမ်းလှမ်းမှုကို စိတ်မဝင်စားဘဲ မန်စီးတီးအသင်းနှင့်ပူးပေါင်းရန် ဆန္ဒရှိနေကြောင်းသိရသည်။
- ဝုဗ်အသင်းက ခြေစွမ်းပြသနိုင်ရန် ရှန်းကန်နေရသည့် တိုက်စစ်မှူး ဂွိဒက်စ်ကို လက်ရှိအပြောင်းအရွှေ့ကာလတွင် ထွက်ခွာခွင့်ပြုမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ML

# အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျီးဆပ် လာမည့်မေလထိ အနားယူရမည်ဟု နည်းပြအာတီတာအတည်ပြု





**လန်ဒန် ဇန်နဝါရီ ၁၅**

အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျီးဆပ်အနေဖြင့်၂၀၂၂ ကမ္ဘာ့ဖလားတွင်ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် လာမည့်မေလထိ အနားယူရမည်ဟု နည်းပြ အာတီတာ အတည်ပြုခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဂျီးဆပ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အာဆင်နယ်အသင်းတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် သွားရောက်ကစားပေးစဉ် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြ အာတီတာက "ဂျီးဆပ်အနေနဲ့ လာမဲ့ မေလလောက်မှသာ အသင်းနဲ့ ပြန်လည်ပူးပေါင်းနိုင်ပါလိမ့်မယ်။ သူ့ရဲ့ ဒူးဒဏ်ရာက အစောပိုင်းက ကျွန်တော်တို့ မျှော်လင့်ထားတာထက်ပိုပြီးတော့ ဆိုးရွားနေပါတယ်။ အသင်းဆေးအဖွဲ့နဲ့ သေချာစစ်ဆေးကြည့်တော့ ဒဏ်ရာက ပြင်းထန်နေလို့ မေလထဲမှသာ အသင်းနဲ့စတင်ပူးပေါင်းဖို့ရှိပါတယ်။ ကျွန်တော်တို့ သူ့ကို အကြာကြီး လက်လွှတ်ထားရဦးမှာပါ" ဟု ပြောကြားခဲ့သည်။

ဂျီးဆပ်အနေဖြင့် ဒဏ်ရာကြောင့် လာမည့်မတ်လထိ အနားယူရဖွယ်ရှိနေသည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတွင်အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဒဏ်ရာမှာ ပိုမိုပြင်းထန်နေသည့်အတွက် ကြံခိုင်မှုပြန်လည်ပြည့်ဝရန်လိုအပ်သောကြောင့် လာမည့်မေလထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး ဂေါ်ဒန်နှင့် ရာရီမင်နာတို့ ပရိသတ်များ၏ တိုက်ခိုက်မှုခံရ

**လန်ဒန် ဇန်နဝါရီ ၁၅**

အဲဗာတန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အဲဗာတန်အသင်းက အိမ်ကွင်း၌ ဆောက်သမ်တန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲအပြီးတွင် အသင်းပရိသတ်များက တိုက်စစ်မှူး ဂေါ်ဒန်နှင့်ခံစစ်ကစားသမား ရာရီမင်နာတို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲဗာတန်အသင်းကစားသမားများဖြစ်သည့် ဂေါ်ဒန်နှင့်ရာရီမင်နာတို့အနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် အသင်းမှထွက်ခွာလာရာ ၎င်းတို့နောက်သို့ လိုက်ပါလာသည့် အသင်းပရိသတ်များက ညစ်ညမ်းသည့် အပြောအဆိုများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့်အပြင် အသင်းမှထွက်ခွာရန် အော်ဟစ်ပြောဆိုထားသည့် ရုပ်သံပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

ရာရီမင်နာက "ကျွန်တော့်ရဲ့ ကစားသမားဘဝကို အဲဗာတန်အသင်းအတွက်ပဲ ပေးဆပ်ထားတာပါ။ အသင်းရဲ့ လက်ရှိ အခြေအနေအတွက် ကျွန်တော် တောင်းပန်ချင်ပါတယ်။ အခုလို ဖြစ်လာတာကလဲ ပရိသတ်တွေရဲ့ အမှားမဟုတ်ပါဘူး။ ကျွန်တော်တို့ ကစားသမားတွေအနေနဲ့ ပရိသတ်တွေအတွက် အသင်းကို ရလဒ်ကောင်းတွေ ယူဆောင်ပြီး ပြန်လည်တုံ့ပြန်ရမှာပါ" ဟု ပြောကြားခဲ့သည်။

အဲဗာတန် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံး ရလဒ်ကြောင့် အမှတ်ပေးဇယားအဆင့် (၁၉) သို့ ရောက်ရှိနေပြီး တန်းဆင်းဇုန်အန္တရာယ်တွင် ကျရောက်နေကြောင်း သိရသည်။ ML

# အာဆင်နယ်အသင်းက ကာလရှည်ပစ်မှတ်ထားနေသည့် မက်ဒရိုင်းခ်ကို ချဲလ်ဆီးအသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၅**






ချဲလ်ဆီးအသင်းသည် အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ရှက်တာဒိုးနက်အသင်း တောင်ပံကစားသမား မက်ဒရိုင်းခ်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၈၉ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က တောင်ပံကစားသမား မက်ဒရိုင်းခ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရန် ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့သော်လည်း လက်ရှိအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းက ရှက်တာဒိုးနက်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၈၉ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ အာဆင်နယ်အသင်းကို လက်ဦးမှု ရယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ မက်ဒရိုင်းခ်သည် ချဲလ်ဆီးအသင်းနှင့် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ ရောက်ရှိနေပြီး ဆေးစစ်မှု အောင်မြင်ပါက လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆို၍ လာမည့် တနင်္ဂနွေနေ့တွင် ကစားရမည့် ပဲလေ့စ်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် နည်းပြသစ် ဂရာဟမ်ပေါ်တာ လက်ထက်တွင် ဒဏ်ရာရကစားသမား များပြားနေသည့်အတွက် အသင်းရလဒ်ပိုင်း တိုးတက်လာစေရန် အေစီမီလန်အသင်းမှ တိုက်စစ်မှူး ဂျာအိုဖီးလစ်နှင့်တောင်ပံကစားသမား မက်ဒရိုင်းခ်တို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# ဖရန့်ကက်ဆီကို အလိုက်ပေး၍ ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ခေါ်ယူရန် ဘာစီလိုနာကြိုးပမ်း





**ဘာစီလိုနာ ဇန်နဝါရီ ၁၅**

ဘာစီလိုနာ အသင်းသည် အသင်း၏ ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကို အလိုက်ပေးကမ်းလှမ်း၍ အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲသာ ပါဝင်ခွင့်ရခဲ့ရာတွင် နှစ်ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့သဖြင့် ဘာစီလိုနာ အသင်းနှင့် အတူ အနာဂတ်မရေရာမှုများ ရှိလာခဲ့ပြီး ယခု အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းက အင်တာမီလန် ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်နှင့် အလဲအလှယ်ပြုလုပ်ရန် တရားဝင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အင်တာမီလန်အသင်း ကစားသမား ဘရိုဇိုဗစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရကာ အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး ယခုအခါ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် အနားယူနေရသော်လည်း ဘာစီလိုနာအသင်းက ဘရိုဇိုဗစ်၏ ကွင်းလယ်ပိုင်း စွမ်းဆောင်ရည်ကို သဘောကျနေသဖြင့် နည်းပြ ဇာဗီ၏ကစားကွက်နှင့်ကိုက်ညီမှုမရှိသည့် ဖရန့်ကက်ဆီနှင့် လဲလှယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက ဘဏ္ဍာရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ရုပ်သံမှုပိုင်ခွင့်များကို ရောင်းချ၍ လီဝမ်ဒေါစကီး၊ ရာဖင်ဟာ၊ ခွန်ဒီ၊ အလွန်ဆို၊ ဘယ်လာရင်၊ ခရစ်စတန်ဆန်၊ ဖရန့်ကက်ဆီတို့ကို ခေါ်ယူနိုင်ခဲ့ပြီး လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန် လာလီဂါက ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိ၍ အခက်ကြုံနေသောကြောင့် ကစားသမားချင်း လဲလှယ်မှု သို့မဟုတ် အသင်းမှ ကစားသမားများကို ရောင်းချကာ ကစားသမားသစ်များ ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။ ML

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ တွမ်ဂျာနိုဗစ် နုတ်ထွက်

**ကင်ဘာရာ ဇန်နဝါရီ ၁၅**

ဩစတြေးလျ တင်းနစ်မယ် တွမ်ဂျာနိုဗစ်သည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တွမ်ဂျာနိုဗစ်သည် မွေးရပ်မြေတွင် ကျင်းပသည့် ၂၀၂၃ ခုနှစ်၏ ပထမဆုံးသော ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲမှ ရုတ်တရက်နုတ်ထွက်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ဩစတြေးလျ ဝါရင့်တင်းနစ်ကစားသမားများက မှားယွင်းသောဆုံးဖြတ်ချက် ဖြစ်ကြောင်းလည်း ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သူ ဩစတြေးလျတင်းနစ်မယ် အက်ရှ်လိုက်ဘာတီသည် ၂၀၂၂ ခုနှစ်က တင်းနစ်လောကမှ အနားယူခဲ့သောကြောင့် ၂၀၂၃ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ဩစတြေးလျပရိသတ်များက တွမ်ဂျာနိုဗစ်အပေါ် မျှော်လင့်ထားကြသည်။

တွမ်ဂျာနိုဗစ်က ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ဒူးဒဏ်ရာပြဿနာ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

တွမ်ဂျာနိုဗစ်က "ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဟာ ကျွန်မသဘောကျတဲ့ ပြိုင်ပွဲတွေထဲက တစ်ခုဖြစ်ပါတယ်။ ပြိုင်ပွဲအတွက်လဲ အကောင်းဆုံးပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒူးဒဏ်ရာ ပြဿနာရှိနေတဲ့အတွက် ပြိုင်ပွဲကနေနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကြံ့ခိုင်မှုမပြည့်ဝဘဲ ပြိုင်ပွဲမဝင်ချင်သလို ကာလရှည်နားသွားရနိုင်တဲ့ စွန့်စားမှုမျိုးအတွက် အရဲမစွန့်ချင်တာလဲပါ ပါတယ်။ ကြံ့ခိုင်မှုအပြည့်နဲ့ ပြိုင်ပွဲတွေမှာ ကမ္ဘာ့အဆင့် လက်စွမ်းမျိုးပြသနိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်သင့်တယ်ထင်လို့လဲ ပြိုင်ပွဲကနေနုတ်ထွက်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မန်ယူအသင်းသမိုင်းတစ်လျှောက် နည်းပြဖာဂူဆန်နောက်ပိုင်း ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိခဲ့သည့် နည်းပြအဖြစ် တန်ဟတ်မှတ်တမ်းဝင်

**မန်ချက်စတာ ဇန်နဝါရီ ၁၅**

မန်ယူအသင်းနည်းပြ တန်ဟတ်သည် အသင်းသမိုင်းတစ်လျှောက်တွင် ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်နောက်ပိုင်းပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ တန်ဟတ်သည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ၌ ရာသီအစ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရပြီးနောက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ရာသီအစနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ် ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။



မန်ယူအသင်းသည် မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်အနိုင်ရရှိခဲ့သည့် နည်းပြ တန်ဟတ်အတွက်လည်း မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသင်း သမိုင်းတစ်လျှောက်တွင် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ဂန္ထဝင်နည်းပြကြီး ဖာဂူဆန် အနားယူခဲ့ပြီးနောက် နည်းပြအပြောင်းအလဲများအဖြစ် ဒေးဗစ်မိုယက်စ်၊ ဗန်ဂါးလ်၊ မော်ရင်ဟို၊ ဆိုးလ်ရှား၊ ရင်းဂ်နစ် အစရှိသည့် နည်းပြများကို ခန့်အပ်ခဲ့ရာတွင် နိုင်ပွဲဆက်မှု အများဆုံးအဖြစ် နည်းပြမော်ရင်ဟိုက ကိုးပွဲဆက် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကို ယခုအခါ တန်ဟတ်က ၁၀ ပွဲဆက် အနိုင်ရရှိအောင်စွမ်းဆောင်ပြီး ကျော်ဖြတ်နိုင်ခဲ့သည်။

မန်စီးတီးအသင်းနှင့်ပွဲစဉ်အပြီးတွင် နည်းပြ တန်ဟတ်သည် မန်ယူအသင်းကို ပြိုင်ပွဲစုံ ၂၆ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၂၁ ပွဲထိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နှစ်ပွဲသရေနှင့် သုံးပွဲရှုံး ရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ကြောင်း သိရသည်။ STA

# အီတလီစီးရီးအေပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

S T A

**အမ်ပိုလီ Vs ဆမ့်ဒိုးရီးယား**

**ကစားမည့်ရက်/အချိန် ၁၇–၁–၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆမ့်ဒိုးရီးယား ၂ – ၀ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အမ်ပိုလီ** | – | **အိမ်(နိုင်)** | **ဧး(သရေ)** | **ဧး(သရေ)** |
| **ဆမ့်ဒိုးရီးယား** | – | **ဧး(နိုင်)** | **အိမ်(ရှုံး)** | **ဧး(ရှုံး)** |

အဝေးကွင်းဆိုရင်ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရတဲ့ ဆမ့်ဒိုးရီးယားအသင်းအတွက် အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ အမ်ပိုလီအသင်းက အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အသင်းတစ်သင်းဖြစ်လို့ ဆမ့်ဒိုးရီးယားအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ အမ်ပိုလီအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၁ – ၀ ဆမ့်ဒိုးရီးယား**

# Apple TV က ပရီးမီးယားလိဂ်ပြိုင်ပွဲ ရုပ်သံထုတ်လွှင့်ခွင့် ရရှိရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ထား

**လန်ဒန် ဇန်နဝါရီ ၁၅**

Apple TV က ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ရုပ်သံထုတ်လွှင့်ခွင့်ရရှိရန်အတွက် နာမည်ကြီး အားကစားရုပ်သံများဖြစ်သည့် Sky Sports နှင့် BT Sports ရုပ်သံလိုင်းတို့နှင့် အပြိုင် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ထံ ကမ်းလှမ်းမှုပြုလုပ်ထားသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ရုပ်သံထုတ်လွှင့်ခွင့်များကို နာမည်ကြီး အားကစားရုပ်သံလိုင်းများဖြစ်သည့် Sky Sports နှင့် BT Sports တို့က ရရှိထားပြီး ရုပ်သံထုတ်လွှင့်ခွင့် စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် Apple TV ကလည်း ပရီးမီးယားလိဂ် ရုပ်သံထုတ်လွှင့်ခွင့်ဝယ်ယူရန် ပြင်ဆင်လာခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ရုပ်သံထုတ်လွှင့်ခွင့်အတွက် ယခုနှစ်ကုန်ပိုင်းတွင် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လေလံတင်မှုပြုလုပ်မည်ဖြစ်သောကြောင့် Apple TV ကလည်း အခြားရုပ်သံများနှင့် အပြိုင် ပရီးမီးယားလိဂ်ပြိုင်ပွဲရုပ်သံထုတ်လွှင့်ခွင့်များကို ဝယ်ယူရန် ကြိုးပမ်းလျက်ရှိနေသည်။

Apple TV က နောက်ပိုင်းနှစ်များတွင် ၎င်းတို့ ရုပ်သံလိုင်း၌ အားကစားပြိုင်ပွဲများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ရန် ပြင်ဆင်ထားပြီး လာမည့်ဖေဖော်ဝါရီလမှစတင်ကာ အမေရိကန်မေဂျာလိဂ်ပြိုင်ပွဲများကို ထုတ်လွှင့်ပြသရန်အတွက် ရုပ်သံထုတ်လွှင့်ခွင့်ရရှိထားပြီးနောက် ယခုအခါ ပရီးမီးယားလိဂ်ပြိုင်ပွဲကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန်အတွက် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

STA

## စပိန်လာလီဂါပွဲစဉ် (၁၇) ရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၂ | အက်စ်ပန်ညို |
| အယ်လ်မာရီယာ | ၁ | - | ၁ | အေတီကို |

## ပြင်သစ်လီဂူးပွဲစဉ် (၁၉) ရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၅ | - | ၁ | ထရွိုင်းယက် |
| အန်ဂါ | ၁ | - | ၂ | ကလဲယားမောင့် |
| မောင့်ပယ်လီယာ | ၀ | - | ၃ | နန့်တက် |
| ရိမ်း | ၀ | - | ၀ | နိုက် |
| တူးလော့ | ၁ | - | ၁ | ဘရက် |

(၀၄၀)

# တောင်အာဖရိက-တရုတ်-ရုရှား သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု အလားအလာ

**ဝင်းဇင်(သုတေသန)**



တရုတ်၊ ရုရှားနှင့် တောင်အာဖရိကတို့သည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၄ ရက်ထိ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ တောင်အာဖရိကနိုင်ငံ၏ Kwa-Zulu-Natal ပြည်နယ်ကမ်းခြေ၌ Exercise Mosi ဟု ခေါ်ဆိုသည့် သုံးနိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်သွားရန် သဘောတူထားရှိသည်။

၎င်းစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်လွှမ်းမိုးမှုကိုဆန့်ကျင်ပြီး နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းသစ်တစ်ရပ် ထူထောင်ရာတွင် တရုတ်နှင့်ရုရှားတို့ကို ပထဝီနိုင်ငံရေးအရအထောက်အပံ့ဖြစ်စေမည့်အပြင် တောင်အာဖရိကနိုင်ငံကိုလည်း အာဖရိကတိုက်၌ ဦးဆောင်မှုနေရာရရှိရေးအတွက် တွန်းအားတစ်ရပ် ဖြစ်စေမည်ဖြစ်သည်။

Exercise Mosi တွင် ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ဘေးအန္တရာယ်ကျရောက်နေသော သင်္ဘောများကယ်ဆယ်ရေး၊ လှုပ်ရှားစစ်ကစားမှုများ၊ အမြောက်ပစ်ခတ်မှု၊ တပ်ဖွဲ့များကာကွယ်စောင့်ရှောက်ခြင်းနှင့် လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုများ ပါဝင်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN)၏စစ်သင်္ဘောများ၊ ရုရှားရေတပ်သင်္ဘောနှစ်စီးနှင့် တောင်အာဖရိကရေတပ်မှ စစ်သင်္ဘောတစ်စီးတို့သည် အဆိုပါစစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်သွားမည်ဖြစ်သည်။

တရုတ်နှင့်ရုရှားတို့သည် ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ အရှေ့တရုတ်ပင်လယ်ပြင်တွင် နှစ်နိုင်ငံရေတပ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နှင့်ရုရှားတို့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ တုံ့ပြန်နိုင်မည့်စွမ်းဆောင်ရည်များမြှင့်တင်ရေးအပြင် နိုင်ငံတကာနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုတို့အတွက် ရည်ရွယ်ကာ နှစ်နိုင်ငံ စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တရုတ်၊ ရုရှားနှင့် တောင်အာဖရိကတို့သည် ၂၀၁၉ ခုနှစ်တွင်လည်း Exercise Mosi ဟု ခေါ်ဆိုသည့် သုံးနိုင်ငံပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ဖူးသည်။ Exercise Mosi 2019 သည် တောင်အာဖရိကရေပိုင်နက်များအတွင်း ပြုလုပ်ခဲ့သည့် ပထမဆုံးသော သုံးနိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပင်ဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို ကိပ်တောင်းမြို့အနီး အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး PLAN ၏ Type 054 Wei-fang ဖရီဂိတ်၊ ရုရှားရေတပ်၏ Slava အတန်းအစား ခရုဇ်ဒုံးကျည်တင် Marshal Ustinov၊ ဆီသယ်ယာဉ် Vyazma ၊ ကယ်ဆယ်ရေးယာဉ် SB-406 နှင့် တောင်အာဖရိက၏ Valour အတန်းအစား ဖရီဂိတ်၊ SAS Drakensber (A301) တိုင်းတာရေးယာဉ်နှင့် ထောက်ပံ့ရေးသင်္ဘော AOR တို့ ပါဝင်လေ့ကျင့်ခဲ့ကြသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်သွားမည့် သုံးနိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်နှင့် ရုရှားတို့က အမေရိကန်ဦးဆောင်သော လုံခြုံရေးအစီအစဉ်များနေရာတွင် အစားထိုးနေရာယူသွားရန် ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။ တရုတ်နှင့် ရုရှားတို့သည် ဘရာဇီး၊ အိန္ဒိယနှင့်တောင်အာဖရိကတို့နှင့်အတူ BRICS အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေးအရအချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုစွဲကိုင်လျက် အနောက်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးနေမှုကို တွန်းလှန်သွားရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ စင်စစ်အားဖြင့် BRICS သည် အနောက်အုပ်စုဆန့်ကျင်ရေးအဖွဲ့မဟုတ်သော်လည်း လွတ်လပ်သည့် ကမ္ဘာ့အခင်းအကျင်းသစ်ကို ထူထောင်သွားရန်ပင်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေး၌ အချို့သောနိုင်ငံများသည် လုံခြုံရေးအတွက် စစ်ဘက်ဆိုင်ရာ မဟာမိတ်များတိုးချဲ့ကာ အခြားနိုင်ငံများကို ဘက်လိုက်ရပ်တည်ရန် ဖိအားပေးပြီး အုပ်စုဖွဲ့ ထိပ်တိုက်ရင်ဆိုင်မှုများ လုပ်ဆောင်လျက်ရှိသည့်အပြင် အခြားနိုင်ငံများ၏ အခွင့်အလမ်းနှင့် အကျိုးစီးပွားများအပေါ်တွင်လည်း တစ်ဖက်သတ် လွှမ်းမိုးဆောင်ရွက်လျက်ရှိကြောင်း သတိပေးပြောကြားသွားခဲ့သည်။

တောင်အာဖရိကနှင့် တရုတ်၊ ရုရှားတို့၏ ထိတွေ့ဆက်ဆံမှုသည် တောင်အာဖရိက၏ မဟာဗျူဟာမြောက်အနေအထားကြောင့်လည်း ဆောင်ရွက်ခြင်းဖြစ်သည်။ တောင်အာဖရိက၏ မဟာဗျူဟာမြောက် တည်နေရာနှင့် အာဖရိကတိုက်တွင် စစ်ရေးအရ အင်အားကြီးနိုင်ငံအဖြစ်ရပ်တည်မှု အနေအထားသည် တရုတ်နှင့်ရုရှားတို့ကို စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် ဆွဲဆောင်လျက်ရှိသည်။

တောင်အာဖရိက ပထဝီအနေအထားဆိုင်ရာ မဟာဗျူဟာမြောက် ဆိပ်ကမ်းတည်နေရာနှင့် အရင်းအမြစ်များသည် BRICS ကို G7 ထိပ်သီးနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး အရှေ့အလယ်ပိုင်းဒေသ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ကုန်သွယ်မှုအခက်အခဲဖြစ်နိုင်သည့် စူးအက်တူးမြောင်းနေရာတွင် အစားထိုးရေလမ်းကြောင်းတစ်ခုအနေဖြင့် အသုံးပြုသွားနိုင်မည်ဖြစ်သည်။ တောင်အာဖရိကသည် ဆူဒန်နှင့် ကွန်ဂိုသမ္မတနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်များထမ်းဆောင်လျက်ရှိသည့်အပြင် မိုဇမ်ဘစ်နိုင်ငံကို ပင်လယ်ဓားပြတိုက်ဖျက်ရာတွင် ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

တရုတ်နှင့်ရုရှားတို့သည် နိုင်ငံပေါင်းစုံပါဝင်သော အခင်းအကျင်းတွင် တောင်အာဖရိကနိုင်ငံကို ထည့်သွင်းသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နှင့်ရုရှားတို့အနေဖြင့် နိုင်ငံတကာရေးရာများတွင် ဆုံးဖြတ်ချက်ဦးဆောင်ချမှတ်သွားပြီး အာဖရိကတိုက်တွင် လွှမ်းမိုးမှုချဲ့ထွင်နိုင်ရေးအတွက် တောင်အာဖရိကနိုင်ငံကို အသုံးချသွားမည်ဖြစ်သည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် စစ်ဆင်ရေးမစ်ရှင်တိုးချဲ့နိုင်မှုနှင့် တပ်အင်အားဖြန့်ကြက်နိုင်မှု စွမ်းဆောင်ရည်များကိုလည်း ပြသသွားလိုသောဆန္ဒရှိနေသည်။ တရုတ်နိုင်ငံအနေဖြင့် ပိုးလမ်းမဆိုင်ရာ ပထဝီနိုင်ငံရေး မျှော်မှန်းချက်အောက်တွင် အခြေခံအဆောက်အအုံနှင့် စီးပွားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ရုရှားနိုင်ငံအနေဖြင့်လည်း ဆီးရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံမှာလိုပင် အကန့်အသတ်ဖြင့် စစ်အင်အားတိုးချဲ့သွားရန် ဆန္ဒရှိနေသည်။

BRICS အဖွဲ့ဝင်ဖြစ်သည့် တောင်အာဖရိကအနေဖြင့်လည်း တရုတ်၊ရုရှားတို့နှင့် ထိတွေ့ဆက်ဆံခြင်း၊ ရေတပ်စစ်ရေးလေ့ကျင့်မှုများ ပူးတွဲလုပ်ဆောင်ခြင်းအားဖြင့် အာဖရိကဒေသ၏ခေါင်းဆောင်အဖြစ် တရားဝင်ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ တောင်အာဖရိကသည် ပြင်ပနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အာဖရိက၏ပြောရေးဆိုခွင့်ရှိသူအဖြစ် မကြာခဏ ပြုမူဆောင်ရွက်လျက်ရှိသည်။ သို့သော် အာဖရိကရှိ အခြားနိုင်ငံများကမူ ဒေသတွင်းခေါင်းဆောင်အဖြစ် ကြိုးပမ်းနေသော တောင်အာဖရိက၏ လှုပ်ရှားဆောင်ရွက်မှုအပေါ် မေးခွန်းထုတ်လျက်ရှိသည်။

Exercise Mosi စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းအားဖြင့် တောင်အာဖရိကသည် NATO နှင့် အနောက်အုပ်စုဘက်မှသည် တရုတ်နှင့် ရုရှားဘက်သို့ ယိမ်းယိုင်လာနေပြီဟု တထစ်ချ ကောက်ချက်ချနိုင်မည်မဟုတ်ချေ။ တောင်အာဖရိက၏ စစ်ရေးသဘောတရား၊ စစ်သုံးပစ္စည်းများနှင့် နည်းဗျူဟာများသည် လက်ရှိအချိန်ထိ NATO အပေါ်တွင် မှီခိုနေရဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ Exercise Mosi သည် ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် သဘာဝဘေးကယ်ဆယ်ရေးပူးတွဲမစ်ရှင်များကို အဓိကထား၍ လေ့ကျင့်သွားမည်ဖြစ်သည်။ စင်စစ်အားဖြင့် တောင်အာဖရိကသည် ကာကွယ်ရေးအသုံးစရိတ် လျှော့ချနိုင်ရေးရည်မှန်းချက်ဖြင့် တရုတ်၊ ရုရှားတို့နှင့်အတူ Exercise Mosi လေ့ကျင့်မှု ပြုလုပ်သွားခြင်းပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့အခင်းအကျင်းသည် ပြောင်းလဲလာပြီဖြစ်သည့်အတွက် နိုင်ငံများအနေဖြင့် တိုင်းပြည်ကာကွယ်ရေးအပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်နိုင်ငံတည်း သီးခြားရပ်တည်နိုင်တော့မည်မဟုတ်ချေ။ အထူးသဖြင့် အမေရိကန်ဦးဆောင်သည့် တစ်နိုင်ငံတည်းကြီးစိုးသည့်မူဝါဒကို ဆန့်ကျင်ရန်နှင့် နိုင်ငံစုံပါဝင်သော အခင်းအကျင်းကို ထူထောင်ရန်အတွက် တရုတ်၊ ရုရှားနှင့် အာဖရိကတို့သည် ရေတပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများ ပူးတွဲဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တို့တွင် ဦးဆောင်မှုအခန်းကဏ္ဍ ရရှိလာရန် ကြိုးပမ်းလျက်ရှိပေသည်။

**ကိုးကား**

- **South Africa lends China-Russia a helping naval hand by Asia Times.**

# ဒိုက်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်နေမှု စစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတား တည်ဆောက်နေမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှုအခြေအနေများ၊ ဗျက်ကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert တစ်စင်း တည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ချင်းစုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၂ ဒသမ ၆၆ သန်း အသုံးပြုပြီး အရှည်ပေ ၃၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၂ ပေရှိသော ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၂ ဒသမ ၇၆ သန်းအသုံးပြုပြီး အရှည်ပေ ၂၃၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၂၀၊ အကျယ် ၂ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မရှိသော Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို Mikon ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း ဒိုက်ဦး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။



**ကိုညို**

# SAC Chairman Prime Minister Senior General Min Aung Hlaing attends Naga Traditional New Year festival




Senior General Min Aung Hlaing applauds as tribal dances are performed at Naga New Year Festival.

**Nay Pyi Taw January 15**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the Naga Traditional New Year festival in Lahe of Naga Self-Administered Zone this afternoon.

On arrival in Lahe where the festival would be held, the Senior General and party were welcomed by Commander of North-West Command Maj-Gen Than Htaik, Chairman of Naga Self-Administered Zone Administration Body U Tun Tun Win and party with traditional dances of Naga ethnics.

The Senior General and party took the positions at the traditional ground in Lahe where the festival would take place.

Also present at the festival were SAC Joint Secretary Lt-Gen Ye Win Oo, Council members General Mya Tun Oo and Jeng Phang Naw Taung, Union ministers U Win Shein, U Hla Moe, U Thaung Han, Dr Nyunt Pe and Dr Thet Khaing Win, Sagaing Region Chief Minister U Myat Kyaw, Chairman of Naga Self-Administered Zone Administration Body U Tun Tun Win, senior military officers from the Office of the Commander-in-Chief, the commander of North-West Command, Patron of Naga Traditional Literature and Culture Central Committee U Maung Nyan and party, town elders, dance troupes of Naga ethnics and Naga people.

As the festival was launched, the Senior General delivered an address. He expressed his pride in attending the festival. He expressed his wishes for all ethnic people in Naga region and all entire national brethren of the Union to enjoy physical and mental well-being with auspiciousness.

Although ethnic national people residing in Myanmar are different in culture and customs, they all have been living inthe Uion with the family spirit by adoring each other. No matter what different they are in birthplaces, custons and traditions, they all are joining hands in the same places in sharing the future through thick and thin. Naga is not concerned with nationality, natives, religion and faiths of each tribes but it means integration of all Naga tribes and families.

All ethnic national brethren as well as Naga ethnics residing in Myanmar have to preserve their traditional and customs as well as heritages to posterities through the unity. Only when they enjoy improvement of social life should they have to place an emphasis on non-disappearance of traditions and and culture.

The government is managing all responsibilities of the State in line with the Constitution and striving for development of socio-economic life of the ethnic people and peace and stability as well as development of the nation in implementing the five-point Roadmap and nine political, social and economic objectives as fundamental principles of the SAC.



Senior General Min Aung Hlaing greets locals at Naga New Year Festival.

If the Union wishes to have harmonious development, the whole nation needs to restore peace and stability. The people should join hands with the government which is striving for national reconciliation and peace and stability of the whole Union. All ethnic nationals residing in Naga region are to strive for further storing peace and stability.

The entire people are to harmoniously participate in the measures for accelerating development of Naga Self-Administered Zone in cooperation with the Union government, Sagaing Region government, and Naga Self-Administered Zone Administration Body. In so doing, they all have to culture the spirit to take responsibilities to do their functions with goodwill. Departmental personnel who serve for all-round development of administration, education and health sectors are to provide necessary assistance for improvement of socio-economic life of national brethren.

With Ks5 billion in cash assistance for the Naga region provided by the SAC from the national economic development fund to revive the socio-economy of the people and the State economy impacted by the Covid-19 pandemic, efforts must be made for agricultural and livestock breeding activities and public welfare till success is achieved.

It is heartening to see better road transport of the townships in Naga Self-Administered Zone, and the efforts of relevant departments are praiseworthy. *See Page 12*



Senior General Min Aung Hlaing chats with Naga officials.



Senior General Min Aung Hlaing presents food to Naga officials.


Senior General Min Aung Hlaing views local food products.


Senior General Min Aung Hlaing views locally produced crops and fruits.

*From Page 11*

Our government will be striving for greater development of the Naga region in all sectors including transport. Particularly, measures will be taken for balanced development of the education, transport and health sectors of the Naga people.

Now is the New Year of the Naga nationals, and at this auspicious time, I wish all the national people of the union as well as the ethnic Naga people good health and happiness. And May their prayers be answered.

Next, Naga damsel Ei Kyan Htway Nyu briefed on the background history of the Naga New Year Festival.

U Paung Khu, chairman of Naga Traditional Literature and Culture Central Committee, presented a New Year gift to the Senior General.

Then, the Senior General presented supplies for the Naga region development, agricultural equipment, sport gear and food, which were received by committee patron U Maung Nyan and members.

The Senior General also presented Ks100 million for the festival to the chairman of the Naga Self-Administered Zone Administration Body.

Afterwards, the Senior General and party watched performances of the Naga nationals with their tribal dances and the song "the lasting beauty of the Union", and enjoyed traditional food.

After the performance, the Senior General presented flower baskets and cash awards to the traditional dance troupes.

The Senior General and party viewed round the Naga traditional booths where they were conducted round by officials.

In the evening, the Senior General and party attended and participated in the Naga traditional bonfire together with the ethnic locals. First, the Senior General and the chairman of Lahe Township Naga Traditional Culture Committee formally opened the bonfire.

Later, the Senior General and party watched the performances of Naga nationals with their traditional dances and awarded them with cash.

Naga New Year Festival is held with aims of safeguarding Naga traditions and cultural heritage, exposing and maintaining Naga culture and fine arts, strengthening mutual friendship and understanding among the Naga tribal groups, enabling the Naga people to actively participate in regional development tasks and promoting the Union spirit based on the amicability among the Naga tribes and national unity.

Previously, the festival was separately in the townships. Since 1992, it has been held alternatively in the townships. Both local and international tourists come to the festival with enthusiasm and take part in the bonfires. 100


Naga New Year Festival in progress.


Dignitaries watch tribal dances.

*From Page 13*

Only if graduated at the school level of education, could further studies on art and science be learned. Therefore, it is necessary for all the school age children to go to school and learn education. As the Government has reopened all schools, colleges and universities for the children and youth, they will be encouraged and urged to go to school and education is to be given encouragement. To take necessary measures for development of each region is the responsibility of the government. As individual improvement of socioeconomic life is related to individual efforts, the basic need of education is to be given encouragement. Only if education is given encouragement, will there be regional and national development of human resources. Therefore, individual education must be given special consideration.

**Resources already been in the region should be used profitably and the needs will be fulfilled by the State**

I am here to help take necessary measures for regional development of commodity production enterprises. A Large volume of working capital in the region will be helpful to the development of the region. The economy of the rural people who run agriculture and livestock farming for economic development of the nation must be encouraged. Through the encouragement, the financial performance will become good and help promote the nation's economy. Sources that have already been in the region are to be used profitably and the State will fulfill the needs.

Then, the Senior General presented gifts to departmental personnel at district and township levels through District Administration Team Head U Ye Win and Township Administration Team Head U Thein Zaw.

Afterwards, the Senior General cordially greeted the district and township officials, town elders and MSME entrepreneurs in Homalin District.

Later, the Senior General took a tour of exhibits on mineral products, foodstuff, personal goods, and industrial products, traditional handicrafts, clothing and traditional medicine and had questions on market availability of the products. The entrepreneurs briefed him on business-wise matters. 100


## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets district and township officials, local elders, MSME entrepreneurs of Homalin District, Sagaing Region



Senior General Min Aung Hlaing meets district and township officials, local elders and MSME entrepreneurs of Homalin District.

**Nay Pyi Taw January 15**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met district and township officials, local elders, MSME entrepreneurs of Homalin District, Sagaing Region, at the town hall in Homalin this morning and discussed regional development.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo and Jeng Phant Naw Taung, Union ministers U Win Shein, U Hla Moe, U Thaung Han, Dr Nyunt Pe, Dr Thet Khaing Win, Sagaing Region Chief Minister U Myat Kyaw, senior military officers from Office of Commander-in-Chief, and officials.

**Individual presentations on requirements for economic development**

The region chief minister reported on points of the region, ongoing MSME development project in Sagaing Region and Homalin District, assistance for MSME development, State's financial assistance for MSME development and business extension, specification of area-wise products under One Village One Product project, implementation of farming industry under State's economic development fund, District Management Committee Chairman U Ye Win on administrative, economic, social, educational, health and security affairs of the district and points of projects, Director of Hydropower Implementation Department, Ministry of Electric Power, U Lin Naing Aye on Nantpin mini hydropower project, Director of Bridge Construction Department, Ministry of Construction, U Nyi Nyi Zaw on Chindwin Bridge (Htamanthi).

General Manager of NTT veneer factory U Aung Kyaw Yan, Tea leave entrepreneur Daw Khin Hnin Khaing, dried fish entrepreneur U Sein Lwin and rubber entrepreneur U Kyaw Swa Lwin reported on establishment of tree plantations to supply raw materials for the NTT veneer factory, job generation for locals, sending of veneer to cities in central Myanmar where it is value-added, request for State's assistance to add value to veneer products for export, extension of age-old tea leave industry of Homalin District, available markets for tea leaves, State's financial assistance for business extension and sustainability, production of dried fish and smoked fish for local and foreign markets, local entrepreneurs gratitude to the State's assistance for development of lake fishing, development of rubber industry that started in Homalin in 2005 and other requirements for local economic growth.

**Sector-wise coordination of Union ministers**

In response to individual reports, Union ministers explained State's assistance and support for MSMEs that are the core of national economic development, availability of bank loans for MSMEs in accord with the procedures, effective use of the loans for business success and repayment of loans in time, State's arrangements to disburse loans at a reasonable interest rate, Myaseinyaung project that provides capital for income generation and socio-economic development of the rural, power supply for Homalin District and electrification plan for villages that do not have access to electricity supply yet.

**Political developments of the country**

Then, the Senior General delivered a speech, saying I am glad to see that the Homalin region has developed significantly. When I performed duties in the region, efforts were made for regional development and smooth transportation. essential needs of the region. I have visited the region as I was invited to Naga New Year festival and I want to fulfill the needs of the region. Then, the Senior General elaborated on political developments, assumption of state duties in accordance with the law due to vote rigging in the 2020 general election and measures taken for anti-terrorism and stability and all round development of the country.

**Promote manufacturing industries based on local raw materials**

Afterward, the Senior General touched on regional development and said the



Senior General Min Aung Hlaing views products of a local MSME.

Homalin region boasts potential for regional development. It is necessary to encourage tea and rubber cultivation, which have thrived in the region. Moreover, peanut, sesame and mustard are also grown in the region. Bamboo and rattan can also be produced in the region. It is a region abundant in natural resources including gold, crude oil and natural gas. Efforts are being made to supply electricity, which is essential for regional development.

As it is necessary to encourage businesses in which the majority of people are engaged in to achieve economic development of the country, the government has been offering assistance for MSMEs. Promoting MSMEs aims to accelerate economic growth of the country, to substitute imports and to export local products. It is necessary to encourage manufacturing industries that produce finished goods from local raw materials.

Efforts must be made to meet the targeted yields of regional crops in Homalin and incomes of local residents will increase significantly and socioeconomic lives of local people will improve if per-acre yields can be boosted. Homalin region produce high-quality paddy and other agricultural products. Therefore, contribution can be made to regional development if production of finished goods from on local agricultural raw materials can be carried out successfully.

Water for agricultural purposes can be pumped for the Chindwin River. In agriculture, seeds, soil, water and techniques are essential. To harvest quality seeds, it is important to treat land properly, to supply water sufficiently, to use correct techniques and to utilize inputs systematically. It is necessary to expand rubber cultivation, which thrives in the region. Regional development can be achieved if the demand for rubber products of the country can be fulfilled.

It is necessary to nurture human resources like technicians and experts for agriculture and livestock breeding to successfully carry out manufacturing industries based on agriculture and livestock breeding. Therefore, the government is encouraging the sector by opening new agriculture and livestock breeding high schools and institutes. Emphasis must be placed on domestic businesses.

**Input, capital, technology and human resources are needed**

It is necessary to have input, capital, technology and human resources for the success of commodity production enterprises. Although difficulties on fertilizer and power could be overcome in various ways, we, like other countries, are facing surge in prices of fuel oil. Our country has over one million motor vehicles and over six million motorbikes and has spent many gallons of fuel oil daily. Therefore, I would like to urge all to save fuel oil as much as possible. As regards the capital, the State has disbursed capital loans. In terms of loan, there are developing loans and commercial loans. Interest rate will be different upon the type of loan.

With regard to human resources, 50 percent of our population is below secondary education level. Eight percent of the population aged over-25 years is illiterate according to the statistics.

See Page 12

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Dassault Aviation က Rafale F3R တိုက်လေယာဉ်ကို ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့



ပြင်သစ်နိုင်ငံ Merignac စက်ရုံသည် Rafale B359 (F3R) တိုက်လေယာဉ် တစ်စင်းကို ပြင်သစ်နိုင်ငံ ကာကွယ်ရေး ပစ္စည်းဝယ်ယူမှုအေဂျင်စီ- Direction Générale de l'Armement (French Defense procurement Agency) သို့ ပေးပို့ခဲ့ကြောင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က Dassault Aviation ၏ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ သိရသည်။

ထိုသို့ လွှဲပြောင်းပေးပို့ခြင်းသည် လေးနှစ်ကြာပြတ်တောက်သွားပြီးနောက် ပြင်သစ်နိုင်ငံသို့ Rafale ပို့ဆောင်မှု ပြန်လည်စတင်ခြင်းဟုလည်းဆိုနိုင်သည်။

Rafale B359 တိုက်လေယာဉ်သည် ပြင်သစ်နိုင်ငံလေကြောင်းနှင့် အာကာသတပ်ဖွဲ့အတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့သည့်လေယာဉ်အစင်း ၆၀ အတွက် အသုတ်လိုက်ထုတ်လုပ်မှု အမှတ်(၄) Tranche 4 တွင် တစ်စင်းအပါအဝင်ဖြစ်သည်။ အမျိုးမျိုးသောစစ်ဘက်ဆိုင်ရာအစီအစဉ်များ အက်ဥပဒေများနှင့်အညီ ဘတ်ဂျက်အကြောင်းပြချက်ကြောင့် ပြင်သစ်လေတပ်သို့ ပို့ဆောင်မှုပြတ်တောက်ခဲ့ရသည်။ ထို့နောက် Rafale ထုတ်လုပ်မှုအပိုင်းကို ပို့ကုန်အမှာစာအတွက် လုပ်ဆောင်ခဲ့ကြသည်။ နောက်ထပ် Rafale ၂၇ စင်းကို လေယာဉ်ထုတ်လုပ်ရေးအမှတ်စဉ်(၄) Tranche 4 အတွက် ပို့ဆောင်ပေးနေဆဲဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ပြင်သစ်မှမှာယူထားသော ဂရိသို့ ရောင်းချသည့်လေယာဉ် ၁၂ စင်း အပါအဝင် ထုတ်လုပ်၊ ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ လေယာဉ်ထုတ်လုပ်မှုအမှတ်စဉ်(၅) Tranche 5 အတွက် ၂၀၂၃ ခုနှစ်တွင် ဘဏ္ဍာငွေပေးအပ်နိုင်လိမ့်မည်ဖြစ်သည်။

Dassault Rafale သည် ပြင်သစ်နိုင်ငံထုတ် အင်ဂျင်နှစ်လုံးတပ်၊ Canard Delta တောင်ပံဖြင့် ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်ပြီး Dassault Aviation မှ ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားခြင်းဖြစ်သည်။ လက်နက်မျိုးစုံကျယ်ကျယ်ပြန့်ပြန့်တပ်ဆင်အသုံးပြုထားပြီး Rafale သည် လေကြောင်းစိုးမိုးရေး၊ ဟန့်တားမှု၊ လေကြောင်းထောက်လှမ်းမှု၊ မြေပြင်ပံ့ပိုးမှု၊ အတွင်းကျကျတိုက်ခိုက်မှု၊ သင်္ဘောတိုက်ဖျက်ရေးနှင့် နျူကလီးယားအဟန့်အတားစသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။

Canard Delta လေယာဉ် တောင်ပံများသည် ပျံသန်းနေစဉ်အတွင်း အနိမ့်ဆုံးပျံသန်း၊ ဆင်းသက်မှုအမြန်နှုန်းကို 115 knots (213 km/h; 132 mph)တို့ဖြင့် လျှော့ချပေးနိုင်စွမ်းရှိပြီး လေ့ကျင့်ပျံသန်းစဉ်အတွင်း လေအမြန်နှုန်း 15 knots (28 km/h; 17 mph) အောက် နည်းပါးသည်။ Rafale တိုက်လေယာဉ်တွင် Snecma M88 အင်ဂျင်နှစ်လုံး တပ်ဆင်အသုံးပြုထားပြီး တစ်ခုစီတွင် ၅၀ ကီလိုနယူတန်ပေါင် ၁၁၀၀၀နှင့် ၇၅ ကီလိုနယူတန်ပေါင် ၁၇၀၀၀ ရှိသော Dry Thrust နှင့် Afterburners များပါရှိသည်။

**Dassault Aviation delivers Rafale F3R fighter aircraft to French MoD ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယစစ်ဘက်က ပြည်တွင်းထုတ်သယ်ဆောင်ရလွယ်ကူသောလေကြောင်းရန်ကာကွယ်ရေးစနစ်ဝယ်ယူ

အိန္ဒိယအစိုးရသည် ပြည်တွင်းထုတ်သယ်ဆောင်ရလွယ်ကူသောလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူရန် ဇန်နဝါရီ ၁၀ ရက်တွင် အတည်ပြုခဲ့သည်။

တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် Very Short Range Air Defense System (VSHORAD) တစ်ရပ်ဖြစ်ပြီး ရူပီး ၄၂ ဒသမ ၇၆ ဘီလီယံ (ဒေါ်လာ ၅၂၃ သန်း)အတွက် အတည်ပြုထားသော အိန္ဒိယကာကွယ်ရေးဌာန၏ ဝယ်ယူမှုတစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အိန္ဒိယစစ်ဘက်အတွက် အဆိုပါတာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်နေခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။

Dual Thrust ဖြင့် မော်တာ-ပန်ကာတွန်းအားပေးစနစ် အသုံးပြုထားသော အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကဲ့သို့သော အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုကို တန်ပြန်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အဆိုပါအတည်ပြုချက်သည် တရုတ်နှင့် နှစ်နိုင်ငံကြားနယ်စပ်ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် လက်နက်ကိုင်တပ်ဖွဲ့များကြား တင်းမာမှုများမြင့်တက်လာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ဘက်နယ်စပ်တစ်လျှောက် မကြာသေးမီကအဖြစ်အပျက်တွေကြောင့် အလွယ်တကူသယ်ဆောင်လို့ရမဲ့ ထိရောက်တဲ့လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်တွေကို အာရုံစိုက်ဖို့လိုလာပါတယ်။ နောက်ပြီး မြေမျက်နှာသွင်ပြင်အနေအထားအမျိုးမျိုးမှာ လျင်လျင်မြန်မြန်တပ်ဖြန့်သုံးနိုင်ဖို့လဲလိုပါတယ်”ဟု အိန္ဒိယဝန်ကြီး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်များတွင် စတင်အသုံးပြုခဲ့သော ရုရှား၏ Igla-M လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုအစားထိုးရန်အတွက် VSHORAD အမျိုးအစားလေကာစနစ်ကို ဝယ်ယူရန် ဆယ်စုနှစ်တစ်ခုကြာ ရှာဖွေနေခြင်းလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် VSHORAD အတွက် ဒုံးကျည်ပေါင်း ၅၀၀၀ ကျော်၊ ဒုံးပစ်လောင်ချာတစ်ခုတည်း ၂၅၈ ခုနှင့် ဘက်စုံသုံးဒုံးပစ်လောင်ချာ ၂၅၈ ခုတို့ဝယ်ယူဖြည့်တင်းသွားနိုင်ရေးအဆိုပြုချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ စနစ်လိုအပ်ချက်မှာ အကွာအဝေး ခြောက်ကီလိုမီတာ (၃ ဒသမ ၇၂ မိုင်) နှင့် အမြင့် သုံးကီလိုမီတာ (၁ ဒသမ ၈၆ မိုင်)ဖြစ်သည်။

နိုင်ငံတကာ ကာကွယ်ရေးကုမ္ပဏီသုံးခုပါဝင်သည့် တင်ဒါပြိုင်ဆိုင်မှုတွင် စမ်းသပ်မှုများနှင့် ပြန်လည်စမ်းသပ်မှုများ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် နယူးဒေလီသည် ရုရှားထုတ် Igla-S ကို ၂၀၂၀ ပြည့်နှစ်တွင် အရေးအတွက်အကန့်အသတ်ဖြင့်သာဝယ်ယူခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏မူလအဆိုပြုထားသည့် လိုအပ်ချက်များထက် လောင်ချာ ၂၄ ခုနှင့် ဒုံးကျည် ၂၁၆ စင်းကိုသာ ဝယ်ယူခဲ့သည်။



တာတို၊ ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်များသည် အထူးသဖြင့် တောင်ထူထပ်သော မြေမျက်နှာသွင်ပြင်တွင် အခြားသောတာဝေးနှင့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များထက်ပေါ့ပါးပြီး ပိုမိုလျင်မြန်စွာ ဖြန့်ကြက်အသုံးပြုနိုင်သည်။ အိန္ဒိယတွင် ဆိုဗီယက်ခေတ်ဟောင်း OSA AK ဒုံးကျည်စနစ်များ ဖြန့်ကြက်အသုံးပြုထားသည့်ပါကစ္စတန်နှင့် အနောက်ဘက်နယ်စပ်များအတွက် အရေးမကြီးလှသော်လည်း အထူးသဖြင့် အရှေ့ဘက်နှင့် မြောက်ပိုင်းနယ်နိမိတ်များအတွက် ကြည်းတပ်၊ လေတပ်စွမ်းရည်တွင် လိုအပ်ချက်တစ်ရပ်ဖြစ်နေကြောင်း အိန္ဒိယစစ်ဘက်က The Indian Express သတင်းဌာနသို့ ပြောကြားခဲ့သည်။

“Akash တာတိုပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်တွေလို အခြားစနစ်တွေကတော့ အကွာအဝေး ၂၅ ကီလိုမီတာ (၁၅ ဒသမ ၅၃မိုင်) ထိ စစ်နယ်ဝန်းလေကြောင်းရန်ကာကွယ်ရေးကို လွှမ်းခြုံပေးထားနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး တပ်ဖြန့်မှုအရွယ်အစား ပိုမိုများပြားပြီး Line of Actual Control ကနေ ခပ်ဝေးဝေးမှာသာ တပ်ဖြန့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တောင်ကုန်းတောင်တန်းဒေသတွေနဲ့ အကောင်းဆုံးလုပ်ဆောင်နိုင်မဲ့စနစ်တွေမဟုတ်ပါဘူး”ဟု အိန္ဒိယစစ်ဘက်က ထည့်သွင်းပြောကြားခဲ့သည်။

**India Approves Domestic Portable Air Defense System Procurement ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၁၄၂၃၁ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၁၄၂၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၆၅၅၁ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလကစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၂၃၁ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆောင်းမြေပဲဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့တယ်။ ဒီနေ့ထိ ဆောင်းမြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းမြေပဲတွေကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းမြေပဲတွေကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးပြီးစီးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံ ၂၆၂၃၁ ဧက လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၁၈၆၀၊ ရာခိုင်နှုန်းအနေဖြင့် ၈၃ ဒသမ ၃၄ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# တီးတိန်မြို့နယ် တွာလ်ဇန်ကျေးရွာ၌ ကျေးရွာတွင်းကျောက်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**တီးတိန် ဇန်နဝါရီ ၁၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် တွာလ်ဇန်ကျေးရွာ၌ ကျေးရွာတွင်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ဇိုက်လွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ တွာလ်ဇန်ကျေးရွာ၌ ကျေးရွာတွင်း ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



တွာလ်ဇန်ကျေးရွာ၌ အရှည် လေး ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေငါးလက်မရှိ ကျေးရွာတွင်း ကျောက်လမ်းခင်းခြင်း လုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် ရေပြွန်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၂၀ တို့ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာတွင်း ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက တွာလ်ဇန်ကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၆၅၃ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက် ပိုမိုကောင်းမွန်ပြီး သွားလာရေး အဆင်ပြေတော့မည်ဖြစ်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပွင့်ဖြူမြို့နယ် ထူးပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲဇလီကျေးရွာအုပ်စု ထူးပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကာ ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိဒေသခံပြည်သူများ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို စနစ်တကျ မှတ်တမ်းပြုစုထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် ထူးပေါက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၆ ဦးကို ငွေကျပ် ၃၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးအတွက် ရန်ပုံငွေကျပ် ၄၀ ဒသမ ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၅-၁-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |

**(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နာဂရိုးရာအကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ကျပ်ငါးဘီလီယံ မတည်ထောက်ပံ့ပေးမှုများအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေးသည် ယခင်ကထက်ပိုမိုကောင်းမွန်ပြီး မြို့ရွာများ ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နာဂဒေသ၏ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ကဏ္ဍအားလုံးကို ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂတိုင်းရင်းသားများ၏ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများ အချိုးညီညီဖွံ့ဖြိုးတိုးတက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂမျိုးနွယ်စုအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် လဟယ်မြို့နယ် နာဂရိုးရာယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာ ယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိ ဖွင့်လှစ်ပေးစဉ်။







နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်စဉ်။

ယခုအချိန်သည် နာဂတိုင်းရင်းသားလူမျိုးများ၏နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး အလွန်မင်္ဂလာရှိလှသည့် နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို နာဂတိုင်းရင်းသူ အိကျန်ထွေညူက အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုက နှစ်သစ်ကူးအမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု ကော်မတီ(ဗဟို) နာယက ဦးမောင်ညာဏ်နှင့် အဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားများက ခမ်ညူငမ်မျိုးနွယ်စုအက၊ လိုင်းနောင်မျိုးနွယ်စုအက၊ မကျန်ပေါင်းညွှမ်မျိုးနွယ်စုအက၊ ကွန်ညပ်မျိုးနွယ်စုအက၊ ဂုဏ်ဝမ်ပုံညီမျိုးနွယ်စုအက၊ ပြည်ထောင်စု၏ ထာဝရအလှများသီချင်းစသည်တို့ဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တည်ခင်းဧည့်ခံထားသည့် ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။

သီဆိုကပြဖျော်ဖြေမှုများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂရိုးရာတိုင်းရင်းသားအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာပြခန်းများအတွင်း **စာမျက်နှာ ၂၀ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်းခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများ ထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက်ထုတ်ကုန်အမည် သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီဇော်က ချင်းတွင်းတံတား(ထမံသိ) စီမံကိန်းဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များဖြစ်သည့် NTT သစ်ပါးလွှာစက်ရုံမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ရန်၊ လက်ဖက်လုပ်ငန်းရှင် ဒေါ်ခင်နှင်းခိုင်၊ ငါးခြောက်လုပ်ငန်းရှင် ဦးစိန်လွင်နှင့် ရော်ဘာလုပ်ငန်းရှင် ဦးကျော်စွာလွင်တို့က သစ်ပါးလွှာစက်ရုံအတွက် လိုအပ်သည့်ကုန်ကြမ်းများရရှိရေး သစ်စိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်ကိုလည်း ဆောင်ရွက်ပေးနိုင်မှု၊ ထွက်ရှိလာသည့်သစ်ပါးလွှာများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့ကြီးများသို့ပို့ဆောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်လျက်ရှိမှု၊ကုန်ကြမ်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များကို နိုင်ငံတော်ကကူညီဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် လက်ဖက်လုပ်ငန်းကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းကပင် လုပ်ကိုင်ခဲ့ကြပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက်လက်ဖက်လုပ်ငန်းများ၏ဈေးကွက်ရရှိမှု၊ ရေရှည်တည်တံ့စေရေးနှင့် လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် နိုင်ငံတော်က ငွေကြေးအရင်းအနှီးများ မတည်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းထွက်ရှိသည့်ငါးများကို ငါးခြောက်၊ ငါးကျပ်တင်ခြင်း လုပ်ငန်းများကို မိရိုးဖလာစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ဒေသတွင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရေးအတွက် နိုင်ငံတော်ကကူညီဆောင်ရွက်ပေးနေမှုများကို ဒေသခံလုပ်ငန်းရှင်များက အထူးပင်ကျေးဇူးတင်ရှိမှု၊ ဟုမ္မလင်းဒေသအတွင်း ၂၀၀၅ ခုနှစ်မှစတင်၍ ရော်ဘာလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးတက်ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အရင်းအနှီးများထုတ်ချေးပေးလျက်ရှိမှုနှင့် ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဘဏ်များဖြင့်ချိတ်ဆက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူသွားရန်လိုအပ်မှု၊ ချေးငွေရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကို နိုင်ငံတော်ကသင့်တင့်သည့် အတိုးနှုန်းများဖြင့်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများကို မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်းခရိုင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးထားမှုနှင့် လျှပ်စစ်မီးရရှိခြင်းမရှိသေးသည့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **ဟုမ္မလင်းဒေသသည် ယခင်ကထက် များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းသာမိ**ပါကြောင်း၊ **မိမိအနေဖြင့် ဟုမ္မလင်းဒေသအတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသ၏အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့**ကြောင်း၊ **ယနေ့တွင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ချီးမြှင့်ပေးနိုင်ရေး ဖိတ်ကြားခဲ့သည့်အတွက် ဟုမ္မလင်းဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်**ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များ လျော့ပါးစေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားရာတွင် **ဟုမ္မလင်း**ဒေသသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ **ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာစိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်ကြရန်လို**ကြောင်း၊ ထို့ပြင် ဒေသတွင်း၌ မြေပဲ၊ နှမ်း၊ ဆီမုန်ညင်းတို့လည်း စိုက်ပျိုးကြကြောင်း၊ ဝါးသယံဇာတနှင့် ကြိမ်များလည်း ထွက်ရှိကြောင်း၊ ရွှေအပါအဝင် သဘာဝမှပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များစွာကြွယ်ဝသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များလည်းထွက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအား **စာမျက်နှာ ၂၀ သို့**

**ဟုမ္မလင်းဒေသသည် ယခင်ကထက် များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းသာမိ၊ မိမိအနေဖြင့် ဟုမ္မလင်းဒေသအတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသ၏အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့၊ ယနေ့တွင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ချီးမြှင့်ပေးနိုင်ရေး ဖိတ်ကြားခဲ့သည့်အတွက် ဟုမ္မလင်းဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အားပေး

**လွိုင်ကော် ဇန်နဝါရီ ၁၅**

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်လူထုအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးစောထွန်း အောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာ အေးထွန်းနှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ များဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်နေ့အထိမ်း အမှတ် လူထုအခမ်းအနားသို့ တက်ရောက် လာကြသူများသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့ သော (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန် နီယယ်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က (၇၁)နှစ်မြောက် ကယား ပြည်နယ်နေ့မိန့်ခွန်းပြောကြားသည်။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဖတ်ကြားစဉ်။**







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အဆင့်ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းစဉ်။**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးတို့က (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော် အဆင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရ သူများကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊(၇၁)နှစ်မြောက် ကယား ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများကို ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်ခြင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ထူးချွန် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့် ကြရာ ဆုရရှိသူများက လက်ခံရယူ ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခမ်း အနားသို့ တက်ရောက်လာကြသည့် သဘာ ပတိများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများသည် (၇၁)နှစ်မြောက် ကယား ပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်း အနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် (၇၁)နှစ်မြောက် ကယား ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲကို ည ၆ နာရီ တွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တေးဂီတအဖွဲ့တို့က တိုင်းရင်း သားအကများ၊တေးသံသာများဖြင့် ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီးတို့က လက်ဆောင် ပစ္စည်းများကို နေရာအရောက်ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က တိုင်းရင်းသားရိုးရာအက အဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုင်းရင်းသားအက အဖွဲ့များ၊ တီးဝိုင်းအဖွဲ့များနှင့် တူယှဉ် နွဲ့ပျော်ဂီတပွဲတော်သို့ သွားရောက်ယှဉ်ပြိုင် သီဆိုခဲ့သည့်အဆိုရှင်များကို ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ် (ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်းကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်ခင်ဆွေဦး (ကွယ်လွန်)ကိုယ်စား မြေးဖြစ်သူ ဒေါ်လပြည့်ငြိမ်းချမ်းကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့် အပ်နှင်းစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပ ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်း ခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုး ကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက် ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံ ရယူနိုင်မည့်ဘွဲ့ခံပုဂ္ဂိုလ်များကို နေပြည်တော် ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ် များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင် မိသားစုဝင်များထံသို့ သွား ရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ တွင် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးစန်းမောင်(ငြိမ်း) (ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြည် ကြည်စန်းမောင်ကိုလည်းကောင်း၊အလင်္ကာ ကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ် ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်းကိုလည်း ကောင်း၊ သီပွကျော်စွာဘွဲ့ရရှိသူ စာရေး ဆရာ ဦးအုန်းဖေကိုယ်စား သမီးဖြစ်သူ ဒေါ်ငွေရီကိုလည်းကောင်း၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးသာကျော် (ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးစံသိန်း ကိုလည်းကောင်း၊ စည်သူဘွဲ့ရရှိသူ နိုင်ငံ တော်ကောင်စီဝင် ဦးအုန်းကြည်(ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ထားနီကို လည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်ခင်ဆွေဦး(ကွယ်လွန်) ကိုယ်စား မြေးဖြစ်သူ ဒေါ်လပြည့်ငြိမ်းချမ်းကို လည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ပဲခူးတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းကျော်(ငြိမ်း) (ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်စန်းစန်းမြင့်ကိုလည်း ကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ် (၂)စက်မှုဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီး သန်းညွန့်(ငြိမ်း) ကိုယ်စား သားဖြစ်သူ ဦးစိုးညွန့်နိုင်ကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြသင်း(ငြိမ်း) (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မေ ညွန့်ရီကိုလည်းကောင်း၊ဇေယျကျော်ထင်ဘွဲ့ ရရှိသူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗိုလ်ချုပ်လှဦး(ငြိမ်း) ကိုယ်စား သမီးဖြစ်သူ ဒေါ်နှင်းမာလာဦးကိုလည်းကောင်း ဂုဏ်ထူး ဆောင်ဘွဲ့များကို ၎င်းတို့၏ နေအိမ်များ သို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ကယားပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။**

**လွိုင်ကော် ဇန်နဝါရီ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်တို့က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆိုလာပစ္စည်းများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဆေးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးတို့က လက်ခံရယူကြသည်။

ထို့နောက် ဒေသခံပြည်သူများက လွိုင်ကော်မြို့အတွင်း တိုးမြှင့်ဆောင်ရွက်ပေးစေလိုသည့် တံတားများနှင့် လမ်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ထပ်မံဆောင်ရွက်ပေးမည့် အစီအမံများကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲသို့တက်ရောက်လာသော ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့နယ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဌာနဆိုင်ရာများ၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်နယ်အတွင်း MSME လုပ်ငန်းများနှင့် နိုင်ငံတော်မတည်ငွေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော လုပ်ငန်းများဆောင်ရွက်နေမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာဆောင်ရွက်ချက်များ၊ နိုင်ငံ့စီးပွားနှင့် ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနေသည့် လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတို့တက်ဆောင်ရွက်မှုများ၊ ပြည်နယ်၏ အနာဂတ်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် ပြည်နယ်အတွင်းရှိ အထင်ကရနေရာမှတ်တမ်းများကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားပြီး ပြခန်းများကို အလိုက် ပြသထားရှိသည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်ထိ လွိုင်ကော်မြို့နယ်ခန်းမတွင် ပြည်သူများ လာရောက်လေ့လာနိုင်ရန်အတွက် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) နှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃)တို့ကို ထုတ်ပြန်




**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က "တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး (Providing Justice By All)" ဟူသော ဆောင်ပုဒ်ဖြင့်ရေးဆွဲထားသည့် မြန်မာ့တရားစီရင်ရေး၏ ငါးနှစ်တာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)နှင့် ပထမနှစ် မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၃) (Year One Action Plan – 2023) တို့ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အဖြစ် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို ၂၀၁၅ ခုနှစ်မှစတင်၍ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ဒုတိယမြောက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို ငါးနှစ်တာကာလအတွက် ၂၀၁၈ ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ်ထိ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ မြန်မာ့တရားစီရင်ရေး၏ ယခုရေးဆွဲထုတ်ပြန်လိုက်သည့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)သည် တတိယမြောက်စီမံကိန်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုမပါဝင်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံကိန်းရေးဆွဲရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှ တာဝန်ရှိသူများအကြား အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းပြီးနောက် ယခုကဲ့သို့ အောင်မြင်စွာထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ငါးနှစ်တာတရားစီရင်ရေး မဟာဗျူဟာစီမံကိန်းတွင် ယခင်ငါးနှစ်တာစီမံကိန်းအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အဆိုပါစီမံကိန်း၏ ကနဦးနှစ်ဖြစ်သည့် ၂၀၂၃ ခုနှစ်အတွက် ပထမနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

# ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကယားပြည်နယ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးက သင်တန်းကျောင်းများဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများကို လိုအပ်သည်များ မှာကြား၍ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (လွိုင်ကော်)သို့သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်)ရှိ စားရိပ်သာအား ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)သို့ ရောက်ရှိကာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပဲခူးတပ်နယ် နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက ပဲခူးတပ်နယ် နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများကို ဆုချီးမြှင့်





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများကို ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ နည်းပြဆရာများ၊ ဆုရအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိခဲ့ကြသော အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကြရာ အားကစားသမားများနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အားကစားအသင်းများကိုယ်စား ပြေး၊ ခုန်၊ ပစ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများကို တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ဂုဏ်ပြုညစာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက လွိုင်လင်မြို့ နယ်မြေခံတပ်ရင်းရှိ နဝရတ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။





အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက်မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်သည့်အကြံဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါလက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးများက လက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်**
**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

၁။ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား ဤသို့ပစ်မှတ်ထား လူမဆန်စွာတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

၁။ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

၂။ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်**
**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

၁။ ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

၂။ အဆိုပါ ယုတ်မာရိုင်းစိုင်းသောစိတ်ဓာတ်ဖြင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယခုလုပ်ရပ်သည် အပြစ်မဲ့ပြည်သူများအပေါ် ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာ နေရာများကို အကြမ်းဖက်တိုက်ခိုက်မှုအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

၁။ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် လွန်စွာပင်စိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

၂။ အပြစ်မဲ့ပြည်သူများကို အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများအား အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၁/၂၀၂၃)

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

၁။ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနား ကျင်းပနေစဉ် အကြမ်းဖက်သမား PDF အချို့က လက်နက်ကြီးများကို အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါလူမဆန်သည့် အကြမ်းဖက်လုပ်ရပ် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ပြည်သူ နှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယနေ့နံနက်ပိုင်းက ပစ်ခတ်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ဖျက်ဆီးလိုသောရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများကို အစုလိုက်အပြုံလိုက်သေဆုံးစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ ယနေ့နံနက်ပိုင်းတွင် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် လူမဆန်စွာ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အဖွဲ့သူ၊ အဖွဲ့သားများက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး**

# KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့ အထိမ်းအမှတ် မှန်ဦးဖွင့်ပွဲအခမ်းအနားပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအပါအဝင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့အထိမ်းအမှတ် မှန်ဦးဖွင့်ပွဲပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မှန်ဦးဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ် ယနေ့ နံနက်ပိုင်းက KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မှန်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဒေသခံတိုင်းရင်းသားများ၏ ပြည်နယ်နှင့်သက်ဆိုင်သည့် အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာ နေရာသို့ အများပြည်သူများအား အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်း အလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇန်နဝါရီ ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၃၅၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၂၂၀ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၂၅၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများကတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဒါရိုက်ကာရပ်ကွက်နေ သူရ(ခ)မြတ်သူသည် ၎င်းအသုံးပြုသည့် "Thura (Myat Thu)" Facebook အကောင့်နှင့် ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် (၁၁)ရပ်ကွက်နေ ဥမ္မာစန်း (ခ)ဥမ္မာထက်သည် ၎င်းအသုံးပြုသည့် "Ohanmar San" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဇင်ဘာဘွေနိုင်ငံ ပြည်နယ်ငါးခုတွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေသောင်းနှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်း



**ဟာရာရေး ဇန်နဝါရီ ၁၅**

ဇင်ဘာဘွေနိုင်ငံ မန်နီကာလန်းပြည်နယ်၊ မက်ဗင်ဂိုပြည်နယ်၊ မာတာဘီလီလန်းပြည်နယ်၊ မာရှိုနာလန်းပြည်နယ်အလယ်ပိုင်းနှင့် မစ်လန်းပြည်နယ်တို့တွင် ဇန်နဝါရီလပထမပတ်မှစ၍ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် လူဦးရေ သောင်းနှင့်ချီ၍ ရှိနေပြီဖြစ်ကြောင်း ဇင်ဘာဘွေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Sunday Mail သတင်းဌာနက ယနေ့ ရေးသား ဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းဧက ၁၆၀ ထိ ပျက်စီးခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ခြောက်ဦးထိရှိနေရာ ထိခိုက်ဒဏ်ရာရရှိသူများလည်းရှိခဲ့ကြောင်း ဇင်ဘာဘွေအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ဇန်နဝါရီ ၆ ရက်ကနေ စတင်ခဲ့တဲ့ ရေကြီးရေလျှံမှုဟာ ဇန်နဝါရီလ ဒုတိယပတ်ထိ တည်ငြိမ်သွားခြင်းမရှိသေးဘူး။ မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာတာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်း ၂၂ ကျောင်းပျက်စီးပြီး လူနေအိမ်ခြေ ၁၉ လုံးကတော့ ရာနှုန်းပြည့် ပျက်စီးသွားပါတယ်။ အသေးစားပျက်စီးမှုတွေဖြစ်ပေါ်ခဲ့တဲ့ လူနေအိမ်ခြေထောင်နဲ့ချီရှိနေပါသေးတယ်။ ကောက်ပဲသီးနှံစိုက်ခင်းဧက ၁၆၀ လဲပျက်စီးသွားတယ်။ ပျက်စီးသွားခဲ့တဲ့စိုက်ခင်းအများစုကတော့ ပြောင်းဖူးစိုက်ခင်းနဲ့ ဆေးရွက်ကြီးစိုက်ခင်းတွေပဲဖြစ်ပါတယ်"ဟု ဇင်ဘာဘွေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်း ၂၂ ကျောင်းပျက်စီးခဲ့ပြီး ရာနှုန်းပြည့်ပျက်စီးသွားခဲ့သည့် လူနေအိမ်ခြေ ၁၉ လုံးထိရှိနေကြောင်း၊ အသေးစားပျက်စီးမှု ဖြစ်ပေါ်ခဲ့သော လူနေအိမ်ခြေ ထောင်နှင့်ချီ၍ရှိနေပြီး သက်ဆိုင်ရာပြည်နယ်အလိုက်မှ အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရေးကိုသာ ဦးစားပေးဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အင်္ဂလန်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းစေသည့် တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု တရားဝင်တားမြစ်မည်

**လန်ဒန် ဇန်နဝါရီ ၁၅**

အင်္ဂလန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန်စီစဉ်နေပြီး သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းစေနိုင်သည့် တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှုကို လာမည့် အောက်တိုဘာလမှစ၍ တရားဝင်တားမြစ်သွားမည်ဖြစ်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီကထုတ်ပြန်ခဲ့သည်ဟု Mirror သတင်းဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပလတ်စတစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကို တားမြစ်နိုင်ရေးအတွက် တစ်ခါသုံးပလတ်စတစ်များ သုံးစွဲမှုကို တားမြစ်သွားမည့်မူဝါဒကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပလတ်စတစ်အမှိုက်များသည် ရေအောက်သတ္တဝါများအပြင် တောရိုင်းတိရစ္ဆာန်များ အန္တရာယ်ရှိသည့်အတွက် ပလတ်စတစ်အမှိုက်များလျော့ကျလာစေရေး တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှုကိုတားမြစ်သွားရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ကမ္ဘာ့နိုင်ငံအသီးသီးကို တိုက်တွန်းထားကြောင်း သိရသည်။

"ပလတ်စတစ်အမှိုက်ဆိုတာ တောရိုင်း တိရစ္ဆာန်တွေအပြင် သဘာဝပတ်ဝန်းကျင်အပေါ်မှာ ဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေတယ်ဆိုတာ အားလုံးနားလည်သဘောပေါက်ကြပါတယ်။ ဒါကြောင့် ပလတ်စတစ်အမှိုက်တွေ လျှော့ချနိုင်ဖို့ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုကို တားမြစ်သွားဖို့ မူဝါဒကို လာမဲ့အောက်တိုဘာလကစပြီးတော့ တရားဝင်အကောင်အထည်ဖော်မှာလဲဖြစ်ပါတယ်"ဟု အင်္ဂလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ထရက်ကော့ဖေက ပြောကြားခဲ့သည်။

တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုတားမြစ်ရေးဥပဒေမူကြမ်းကိုရေးဆွဲထားပြီးဖြစ်သလို လိုအပ်သည်များပြင်ဆင်ဖြည့်စွက်ခြင်းနှင့် တစ်ခါသုံးပလတ်စတစ်နေရာတွင် အစားထိုးအသုံးပြုနိုင်မည့် အရာဝတ္ထုများကြိုတင်စီစဉ်ထားနိုင်ရေးအတွက် လာမည့်အောက်တိုဘာလမတိုင်မီထိ အချိန်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ဂျမ္မူး-ကက်ရှ်မီးယားဒေသ Dachan Marwah အဝေးပြေးလမ်းပေါ်တွင် ဆီးနှင်းထူထပ်စွာကျဆင်းပြီး ပြိုကျမှုဖြစ်ပွား

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံ ဂျမ္မူး-ကက်ရှ်မီးယားဒေသ Dachan Marwah အဝေးပြေးလမ်းပေါ်တွင် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက နှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် နှင်းပြိုမှုဖြစ်ပွားခဲ့ပြီး ယခုအချိန်ထိ လူအသေအပျောက်မရှိသေးကြောင်း၊ အပျက်အစီးများကို ရှင်းလင်းရန် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိကြောင်း Republic World သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဂျမ္မူး-ကက်ရှ်မီးယားဒေသတွင် ယခုသီတင်းပတ်အတွင်း ရာသီဥတုအခြေအနေများ ဆိုးရွားနေမှုကြောင့် ဆီးနှင်းများပြိုကျနိုင်ခြေရှိကြောင်း အိန္ဒိယမိုးလေဝသဌာနက ကြိုတင်သတိပေးချက်များထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဒေသတွင်းခရီးသွားလာသူများအနေဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ကို မမေးမြန်းဘဲ အဝေးပြေးလမ်းတွင် ခရီးမသွားရန် ဂျမ္မူး-ကက်ရှ်မီးယားပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က



ဇန်နဝါရီ ၁၄ ရက်တွင် အကြံပြုချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် ကက်ရှ်မီးယားမြောက်ပိုင်းရှိ Kupwara ခရိုင်အတွင်း နှင်းပြိုကျမှုအန္တရာယ်ကို အမြင့်ဆုံးအဆင့် ထုတ်ပြန်ထားပြီး Bandipora၊ Baramulla၊ Doda၊ Ganderbal၊ Kishtwar၊ Poonch၊ Ramban နှင့် Reasi ခရိုင်တို့တွင် ၂၄ နာရီအတွင်း နှင်းပြိုကျမှုအန္တရာယ်များ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။

**AZH**

# ၂၀၄၀ ပြည့်နှစ်တွင် မိုးခေါင်ရေရှားနိုင်ခြေ အများဆုံးဖြစ်ပွားနိုင်သည့် နိုင်ငံစာရင်း၌ တူရကီနိုင်ငံက ဒုတိယနေရာပါဝင်လာ

**အန်ကာရာ ဇန်နဝါရီ ၁၅**

နိုင်ငံတကာလေ့လာမှုများအရ ၂၀၄၀ ပြည့်နှစ်တွင် မိုးခေါင်ရေရှားနိုင်ခြေ အများဆုံးဖြစ်ပွားနိုင်သည့် နိုင်ငံစာရင်း၌ တူရကီနိုင်ငံက ဒုတိယနေရာပါဝင်လာကြောင်း တူရကီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၄ရက်က ပြောကြားခဲ့သည်ဟု Expat Guide Turkey သတင်းဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူရကီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ သိပ္ပံဆိုင်ရာအကြံပေးဒေါက်တာ Erol Kesici က တူရကီနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း နံပါတ်တစ်အကျပ်အတည်းမှာ ရေရှားပါးမှုပြဿနာဖြစ်ပြီး ယခုနှစ်တွင် မိုးခေါင်မှုမှာ သတိပြုရမည့်အချက်ဖြစ်ကြောင်း၊ ကမ္ဘာ့ရေပိအားမြေပုံအရ ၂၀၄၀ ပြည့်နှစ်တွင် ရေရှားပါးမှုဒဏ်ခံစားရမည့် နိုင်ငံများတွင် ဒုတိယနေရာစာရင်းတွင်ပါဝင်လာကြောင်း သတိပေးခဲ့ကြောင်း သိရသည်။

မိုးခေါင်ခြင်းကြောင့် မြေအောက်ရေမှာလည်း အလွန်ဆိုးရွားစွာ နည်းပါးသောအခြေအနေဖြင့် ရင်ဆိုင်လာရနိုင်ပြီး ရေပြဿနာအလွန်မြင့်မားလျက်ရှိသော ကမ္ဘာ့နိုင်ငံပေါင်း ၂၇ နိုင်ငံအနက် ဒုတိယမြောက် နိုင်ငံစာရင်းတွင် ပါဝင်လာကြောင်း၊ တူရကီနိုင်ငံတွင် အသုံးပြုနိုင်သော ရေပမာဏသည် ပြီးခဲ့သည့်နှစ်နှစ်အတွင်း ၁၁၂ ဘီလီယံမှ ၁၀၀ ဘီလီယံကုဗမီတာထိ ကျဆင်းခဲ့ကြောင်း သိရသည်။

မြေအောက်ရေကျဆင်းခြင်းသည် လယ်ယာထွက်ကုန်များ၏ အနာဂတ်အတွက် အဓိကထိခိုက်စေပြီး မိုးခေါင်ရေရှားခြင်းနှင့်အတူ ဆိုးရွားသော အကျိုးဆက်များကို ဖန်တီးဖြစ်ပေါ်လာနိုင်ကြောင်း ဒေါက်တာ Kesici က သုံးသပ်ထားကြောင်း သိရသည်။

တူရကီနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ မှစ၍ ရေသုံးစွဲမှု ၄၂ ရာခိုင်နှုန်းတိုးလာပြီး တဖြည်းဖြည်း လျော့နည်းယိုယွင်းလာသော ရေပိုင်ဆိုင်မှုများကိုကာကွယ်ရန်အတွက် ရေဥပဒေကို ပြဋ္ဌာန်းသင့်သည်ဟု ဒေါက်တာ Kesici က အကြံပြုခဲ့ကြောင်း သိရသည်။

**AZH**

# ဆန္ဒထုတ်ဖော်သူများကို ဖြိုခွင်းသည့်လုပ်ရပ်က ဂျာမနီနိုင်ငံကို အရှက်ရစေဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ တန်းဘက်ဝေဖန်

**ဘာလင် ဇန်နဝါရီ ၁၅**

ဂျာမနီနိုင်ငံအနောက်ဘက်ပိုင်းတွင် ကျောက်မီးသွေးတူးဖော်ရေးမိုင်းတွင်းလုပ်ကွက်များ၌ ဆန္ဒထုတ်ဖော်နေသောလူအုပ်ကိုဖြိုခွင်းခဲ့သည့်လုပ်ရပ်သည် ဂျာမနီနိုင်ငံကို အရှက်ရစရာဖြစ်စေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ တန်းဘက်က ဝေဖန်ပြောကြားခဲ့သည်ဟု The News သတင်းဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

RWE ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ကျောက်မီးသွေးမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်များကို ဆန္ဒထုတ်ဖော်မှုကြောင့် တက်ကြွလှုပ်ရှားသူတချို့လည်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း၊ ထိုသို့အပြုအမူများကြောင့် ဂျာမနီအာဏာပိုင် အဖွဲ့အစည်းအနေဖြင့် မိမိကိုယ်ကိုရှက်ရွံ့နေကြကြောင်း တန်းဘက်က ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားခဲ့သည်။

"ဂျာမနီနိုင်ငံဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူတွေကိုအင်အားသုံးပြီး ဖြိုခွင်းခဲ့တဲ့အတွက် သမိုင်းမှာ အရှက်ရာစရာကြီးဖြစ်သွားပါပြီ။ သိပ္ပံနည်းကျအရ ပြည်သူအားလုံးက ကာဗွန်တွေကိုမြေအောက်မှာပဲရှိစေချင်တယ်။ သက်ရှိသတ္တဝါတွေနဲ့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်တဲ့နေရာကို ရောက်မလာစေချင်ကြဘူး။ ဒါကြောင့် ပြည်သူတွေဟာ ကျောက်မီးသွေးတူးဖော်ရေးမိုင်းတွင်းလုပ်ကွက်တွေကိုတားမြစ်ဖို့အတွက် စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကို အင်အားသုံးဖြိုခွင်းတယ်။ ဖမ်းဆီးထိန်းသိမ်းတယ်။ ဒီလိုလုပ်လိုက်လို့လဲအာဏာပိုင်အဖွဲ့အစည်းတွေအနေနဲ့ သူတို့ကိုယ်သူတို့လဲ အရှက်ရနေလိမ့်မယ်"ဟု ဂျာမနီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် တန်းဘက်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဖျာပုံခရိုင်မှ ရန်ကုန်မြို့ ဆန်ဈေးကွက်များသို့ တစ်နေ့လျှင် ဆန်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချပေးနေ



**ဖျာပုံ ဇန်နဝါရီ ၁၅**

ဖျာပုံခရိုင်မှ ရန်ကုန်မြို့ ဆန်ဈေးကွက်များသို့ ဇန်နဝါရီလ ဒုတိယပတ်မှစ၍ တစ်နေ့လျှင် ဆန်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချပေးနေရကြောင်း ဖျာပုံမြို့နယ် ဆန်စက်နှင့်ဆန်ကုန်သည်များအသင်း၏ သတင်းများအရ သိရသည်။

ဖျာပုံခရိုင်တွင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့နယ်တို့မှ ထွက်ရှိနေသည့် ဆန်စပါးများကို ရန်ကုန်မြို့ ဈေးကွက်များမှတစ်ဆင့် မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ဖြန့်ဖြူးရောင်းချ ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလ ဒုတိယပတ်မှစတင်ကာ ဆန်ဈေးကွက် သွက်လက်လှုပ်ရှားလာသဖြင့် အဆိုပါမြို့နယ်များမှ ရန်ကုန်မြို့ ဆန်ဈေးကွက်များသို့ တစ်နေ့လျှင် ဆန်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချပေးခဲ့ရသည်။

လက်ရှိ ဖျာပုံခရိုင်အတွင်း ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ်တို့တွင် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ မှ ၁၆၀၀၀၀၀ ခန့်ထိ ပေါက်ဈေးရရှိနေပြီး ပေါ်ဆန်းဆန် ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ မှ ငွေကျပ် ၅၈၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါမြို့နယ်များတွင် ဆန်စပါးအရောင်းအဝယ်ဖြစ်နေသည့် အခြေအနေနှင့် ပေါ်ဆန်းစပါး အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှု ရှိနေကြောင်း သိရသည်။

ထို့အတူ ညေှ်မထစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀၀ မှ ၁၂၀၀၀၀၀ ခန့်ထိ ပေါက်ဈေးရရှိနေပြီး ညှော်မထဆန် ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိ ဖျာပုံခရိုင်အတွင်း ဆန်စက်အကြီး စုစုပေါင်း ၂၀၀ ခန့်ရှိရာ ဆန်၊ စပါးဈေးနှုန်းကောင်းမွန်သဖြင့် အဆိုပါဆန်စက်ကြီးများအားလုံး လည်ပတ်ကာ ဆန်များကို ကြိတ်ခွဲဖြန့်ဖြူးဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်များကို ဈေး ကွက်များသို့ တင်ပို့ရောင်းချရာ ကုန်းလမ်းအပြင် ရေလမ်းမှပါ တင်ပို့ ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပေါင် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဲဖြူကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်နှင့် ဝန်ထမ်းများက ရေပေးရေး ကော်မတီဝင်များနှင့်အတူ သဲဖြူကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သဲဖြူကုန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ၁၃၅ ပေရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၉၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကန်ဖြူမြန်မာကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သဲဖြူကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေ ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ပြီး ကျေးရွာရှိ အိမ်ထောင်စု ၁၄၆ စု၊ လူ ၉၂၂ ဦး အကျိုးပြုမည်ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်က ပြောပြ၍ သိရသည်။

**သဉ္ဇာ**

# အမျိုးသမီးများနှင့် သားအိမ်ခေါင်းကင်ဆာအန္တရာယ်

ပေါက်ပေါက်

သားအိမ်ခေါင်းကင်ဆာသည် ယေဘုယျအားဖြင့် အသက်ကြီးသောအမျိုးသမီးများတွင်သာ ဖြစ်ပွားလေ့ရှိသော်လည်း အသက် ၄၀ ခန့် အမျိုးသမီးများ၌လည်းဖြစ်တတ်သည်။ လေ့လာမှုမှတ်တမ်းများအရ သားအိမ်ခေါင်းကင်ဆာသည် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် အမျိုးသမီး ၅၀၀၀၀၀ ကျော် ဖြစ်ပွားနေပြီး အဆိုပါကိန်းဂဏန်းအရ တစ်နှစ်လျှင် သေဆုံးသူ ၂၅၀၀၀၀ ကျော်ရှိကာ အချိန်နှစ်မိနစ်တိုင်းတွင် အမျိုးသမီးတစ်ဦးနှုန်း သားအိမ်ခေါင်းကင်ဆာဖြင့် သေဆုံးနေကြောင်း သိရသည်။

**သားအိမ်ခေါင်းကင်ဆာနှင့် မြန်မာနိုင်ငံ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုပြုချက်များအရ မြန်မာနိုင်ငံရှိ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ ဒုတိယအဆင့်တွင်ရှိနေသဖြင့် WHO က သားအိမ်ခေါင်းကင်ဆာ ကာကွယ်မှုလုပ်ငန်းနှင့် ပတ်သက်ပြီး ခြောက်နိုင်ငံရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံလည်းပါဝင်ခဲ့သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် UNICEF တို့ပူးပေါင်း၍ စာသင်ကျောင်းများအခြေပြု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ကျောင်းဖွင့်ရာသီမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ်မိန်းကလေးများကို သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသွားရန် စီစဉ်ခဲ့ကြသည်။

သို့သော် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းများပိတ်ထားရသည့်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ အမျိုးသမီးငယ်များ (အသက် ကိုးနှစ်ပြည့်ပြီးသူ) အားလုံးကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစ၍ ပထမအကြိမ်အဖြစ် HPV (Human Papilloma Virus) သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ ၎င်းအစီအစဉ်သည် နိုင်ငံတော်အတွင်း ပုံမှန်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များထဲတွင် ၁၃ မျိုးမြောက် ကာကွယ်ဆေးဖြစ်သည်။ HPV ဆေးကို ထိုးနှံရန်သတ်မှတ်ချက်များတွင် အကျုံးဝင်သည့် အသက်ကိုးနှစ်ပြည့်မှသည် အသက် ၁၀ နှစ်ထိ မိန်းကလေးများ သို့မဟုတ် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း မွေးဖွားသူ မိန်းကလေးများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနက ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခဲ့သည်။

သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို မြန်မာတစ်နိုင်ငံလုံးမှ ဆယ်ကျော်သက်မိန်းကလေးများအတွင်း အခမဲ့ထိုးနှံပေးနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပေသည်။ ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထိုးနှံပေးခဲ့သည့် မိန်းကလေးဦးရေမှာသုံးသန်းကျော်ရှိခဲ့ကြောင်းနှင့် ဤအစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင်း သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုများကို ၇၀ ရာခိုင်နှုန်းခန့်လျှော့ချပေးနိုင်မည့်အခြေအနေရှိကြောင်း သိရသည်။

**သားအိမ်ခေါင်းကင်ဆာနှင့် ကူးစက်ပိုး**

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကြွက်နို့ပိုးခေါ် HPV ပိုးကြောင့် အဓိကဖြစ်ပွားပြီး ၎င်းပိုးမှာ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများတွင် အများဆုံးဖြစ်သောရောဂါတစ်ခုဖြစ်သည်။ HPV ပိုး အမျိုးပေါင်း ၄၀ ကျော်ရှိသည့်အနက် ပိုးမျိုးကွဲ ၁၆ နှင့် ၁၈ မှာ သားအိမ်ခေါင်းကင်ဆာရောဂါကို ၇၀ ရာခိုင်နှုန်းဖြစ်စေနိုင်ပြီး ကျန်ပိုးမျိုးကွဲများမှာ ၃၀ ရာခိုင်နှုန်း သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်သည်။ HPV ပိုးမျိုးကွဲတချို့မှာ သားအိမ်ခေါင်းထဲဝင်ရောက်ပြီးနောက် ၅၄ ရာခိုင်နှုန်းမှာ တစ်နှစ်အတွင်း၊ ၉၁ ရာခိုင်နှုန်းမှာ နှစ်နှစ်အတွင်း ခုခံအားဖြင့် ရောဂါပိုးကိုတိုက်နိုင်ကြောင်းနှင့် ပိုးမျိုးကွဲ ၁၆ နှင့် ၁၈ မှာမူ အခြားပိုးများထက် သားအိမ်ခေါင်းအတွင်း ဆက်လက်တည်ရှိနိုင်ကာ ကင်ဆာရောဂါအဆင့်ထိ ဖြစ်စေနိုင်သည်။

**သားအိမ်ခေါင်းကင်ဆာ ဖြစ်ရသောအကြောင်းရင်း**

ရောဂါဖြစ်ရသော အဓိကအကြောင်းရင်းများမှာ သားအိမ်ခေါင်းဆိုင်ရာပုံမှန်မဟုတ်သော ဆဲလ်များကြီးထွားလာခြင်း၊ လိင်ဆက်ဆံဖော်များခြင်း၊ ငယ်ရွယ်စဉ်လိင်ဆက်ဆံမှုစတင်ခြင်း၊ သန္ဓေတားဆေးများသုံးစွဲခြင်း၊ ကိုယ်ခံအားစနစ်အားနည်းခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း သိရသည်။

စားသောက်မှုပုံစံနည်းစနစ်မကျခြင်းနှင့် အဝလွန်အမျိုးသမီးများ အာဟာရဓာတ်မပြည့်မီသော Ready-made အစားအစာများကို နိစ္စဓူဝ စားသောက်ခြင်း



ကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်လာရန် တွန်းအားဖြစ်စေသည်။ ပဋိသန္ဓေတားဆေးကို ငါးနှစ်နှင့်အထက် စွဲ၍ သုံးစွဲလာသူအမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှုအခွင့်အလမ်းများသည်။ သုတေသနပြုချက်များအရ မိခင်၊ အဘွား၊ ကြီးဒေါ် စသူများတွင် သားအိမ်ခေါင်းကင်ဆာရှိနေပါက မိမိတွင်လည်း ကင်ဆာဖြစ်နိုင်ခြေအလားအလာ သုံးဆခန့်ရှိကြောင်း တွေ့ရသည်။ ဆေးရွက်ကြီးထဲရှိ ဓာတ်ပစ္စည်းများက သားအိမ်ခေါင်း၏ဆဲလ်တွင်းရှိ DNA ကို ပျက်စီးစေရုံသာမက ကင်ဆာဆဲလ်များကို အဆမတန်ပြန့်ပွားစေသည်။ ထို့ပြင် ဆေးရွက်ကြီးက ကိုယ်ခံစွမ်းအားစနစ်ကို ဆုတ်ယုတ်လာကာ သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်သည့် HPV ကူးစက်ပိုးမွှားများကိုမတိုက်ခိုက်နိုင်တော့ပေ။ ထို့ကြောင့် ဆေးလိပ်သောက်သော အမျိုးသမီးများက လုံးဝမသောက်တတ်သူများထက် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေအလားအလာ နှစ်ဆကျော်ပိုလာနိုင်သည်။ သားသမီးသုံးဦးနှင့်အထက် မွေးဖွားသော မိခင်များတွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေအလားအလာပိုသည်။ အသက် ၁၇ နှစ်မတိုင်ခင် (အရွယ်မရောက်သေးခင်)တွင် မိမိ၏ပထမဦးဆုံးကလေးကို ကိုယ်ဝန်ဆောင်ခဲ့သူများသည် အသက် ၂၅ နှစ်ရောက်မှ ကိုယ်ဝန်ဆောင်သူများထက် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေ အလားအလာ နှစ်ဆမျှပိုသည်။

**သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးလက္ခဏာများ**

ထိုရောဂါ၏ဆိုးရွားချက်မှာ အစဦးပိုင်းတွင် ထင်သာမြင်သာသော လက္ခဏာများပြလေ့မရှိဘဲ ရောဂါနောက်ပိုင်းတွင် ပုံမှန်မဟုတ်ဘဲ မျိုးပွားအင်္ဂါမှ သွေးဆင်းခြင်း၊ ဆီးခုံနာကျင်ခြင်း သို့မဟုတ် လိင်ဆက်ဆံစဉ် နာကျင်ခြင်းတို့ ခံစားရလေ့ရှိသည်။ ဝေဒနာရှင်များမှာ အောက်ပါရောဂါလက္ခဏာများကို အများဆုံးတွေ့ရတတ်သည်။ ကင်ဆာရောဂါ၏ ပထမအဆင့်တွင် သားအိမ်ခေါင်းရောင်ရမ်းလာပြီး ခန္ဓာကိုယ်အောက်ဘက်ပိုင်းသို့ သွေးစီးဆင်းမှုပိတ်ဆို့သွားကာ ခြေထောက်များရောင်ရမ်းလာ၍ နာကျင်မှုကို ခံစားရလေ့ရှိသည်။ ယောနိမှ အရည်ဆင်းမှုပမာဏပို၍များလာခြင်း၊ အနံ့အသက် မကောင်းတော့ခြင်း စသည့်ပုံမှန်ထက်လွန်ကဲသော လက္ခဏာများက သားအိမ်ခေါင်းကင်ဆာ၏ အရိပ်အယောင်ဖြစ်၍ မပေါ့ဆသင့်ပေ။ ဓမ္မတာရာသီရက်မဟုတ်ဘဲ သွေးဆင်းခြင်း၊ ရာသီလာစဉ် ပုံမှန်ထက်ပို၍ သွေးများများဆင်းခြင်း၊ လိင်ဆက်ဆံစဉ် သွေးဆင်းခြင်း၊ သွေးဆုံးပြီးနောက်ပိုင်း ရုတ်တရက်သွေးဆင်းလာခြင်း စသည့်လက္ခဏာများသည် သားအိမ်ခေါင်းကင်ဆာ၏ နိမိတ်များဖြစ်တတ်၍ အချိန်မဆိုင်းဘဲ ဆရာဝန်ပြပါ။ ဆီးကို အားစိုက်၍ ညှစ်ချနေရခြင်းသည် ကင်ဆာတစ်ရှူးများ ဘေးသို့ပြန့်လာနေပြီဖြစ်၍ ကုသမှုကို အမြန်ဆုံးခံယူသင့်ပါပြီ။ မကြာခဏဆိုသလို ဆီးသွားခြင်း၊ ဆီးအိမ်မထိန်းနိုင်တော့ဘဲ ဆီးထွက်ကျခြင်း၊ ဆီးထဲတွင် သွေးပါခြင်းတို့သည်လည်း သားအိမ်ခေါင်းကင်ဆာလက္ခဏာဖြစ်သည်။ ရက်လကြာရှည် ခါးနာခြင်းနှင့် ရံဖန်ရံခါမဟုတ်ဘဲ မကြာခဏဆိုသလို တင်ပါးဆုံရိုးနာကျင်နေပါက သို့မဟုတ် ရက်ရှည်နာကျင်လာပါက ဆရာဝန်ဖြင့် တိုင်ပင်ဆွေးနွေးပါ။ သားအိမ်ခေါင်းကင်ဆာရောဂါသည် ကျန်းမာသောသွေးနီဥပမာဏ အမြောက်အမြားကို လျော့ကျသွားစေ၍ ပင်ပန်းနွမ်းနယ်စွာခံစားရခြင်း၊ သွေးအားနည်းခြင်း၊ နုံးချိခြင်း၊ ကိုယ်အလေးချိန် ထိုးကျသွားခြင်း၊ အစာစားချင်စိတ်မရှိခြင်းများ ဖြစ်စေနိုင်သည်။

**ကြိုတင်ကာကွယ်နည်း**

Pap smears ခေါ် သားအိမ်ခေါင်းအစအနကို ထုတ်၍ အဏုကြည့်မှန်ပြောင်းဖြင့် စစ်ဆေးနည်းဖြစ်သည်။ ပျမ်းမျှ အသက် ၂၀ မှ ၃၀ ကြား အမျိုးသမီးများသည် သုံးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးသင့်ပြီး အသက် ၃၀ မှ ၆၅ နှစ်ကြား အမျိုးသမီးများသည် သုံးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးသင့်သည်။ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသမီးကြီးများအနေဖြင့် ၎င်းတို့သက်တမ်းအတွင်း သုံးကြိမ်ခန့် စစ်ဆေးခဲ့ဖူးပြီး မည်သည့်ရောဂါလက္ခဏာမှမပြခဲ့ဖူးပါက Pap smears စစ်ဆေးရန် မလိုအပ်တော့ပေ။ မိန်းကလေးများ အသက်ကိုးနှစ်အရွယ်မှစ၍ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးခြင်းသည် ကင်ဆာမဖြစ်ရန် အကောင်းဆုံး ကာကွယ်နည်းဖြစ်သည်။ အသက်ကိုးနှစ်မှ ၁၅ နှစ်ကြားတွင် နှစ်ကြိမ်ထိုးနှံသင့်ပြီး အသက် ၁၅ နှစ်အထက်ဆိုပါက သုံးကြိမ်ထိုးရမည်။ HIV ရှိသူများအပါအဝင် ကိုယ်ခံအားနည်းသူအမျိုးသမီးများတွင် သုံးကြိမ်ထိုးရန်လိုအပ်သည်။ HPV ပိုးရှိသောအမျိုးသားနှင့် လိင်ဆက်ဆံမိပါက မိမိကိုပါကူးစက်လာပြီး ထိုမှတစ်ဆင့် သားအိမ်ခေါင်းကင်ဆာကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် လိင်မှတစ်ဆင့် မည်သည့်ကူးစက်ပိုးမွှားများအန္တရာယ်မှ ကင်းဝေးအောင် အကာအကွယ်သုံး၍ လိင်ဆက်ဆံပါ။

**ဆောင်ရန်အစားအစာများ**

မုန်လာဥနီထဲရှိ Beta-carotene နှင့် Carote-noids ဓာတ်ပေါင်းစုများက ခန္ဓာကိုယ်ထဲရှိ ဆဲလ်များကို လွန်စွာကောင်းကျိုးပြုသည်။ သားအိမ်ခေါင်းကျန်းမာရေးအတွက် မုန်လာဥနီကို အစိမ်းလိုက် သို့မဟုတ် အပူပေးချက်ပြုတ်၍ နေ့စဉ်စားပါ။ Green Tea ခေါ် လက်ဖက်ရွက်ထဲရှိ Polyphenols နှင့် Catechins ဓာတ်များက ခန္ဓာကိုယ်အတွက် အလွန်အရေးပါသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ပေးနိုင်သဖြင့် ကင်ဆာဆဲလ်များပြန့်ပွားမှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်သည်။ ပဲသီးခေါ် ပဲတောင့်ရှည်နှင့် ဘိုစားပဲသီးများထဲရှိ သဘာဝ Phytochemicals ဓာတ်ပစ္စည်းက အဖုအကျိတ်များကြီးထွားမှုကို နှောင့်နှေးစေသည့်အပြင် ခန္ဓာကိုယ်ထဲရှိ ဆဲလ်အကောင်းများက ကင်ဆာဆဲလ်အဖြစ်သို့ ပြောင်းလဲသွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်။ ဆလတ်ရွက်အပါအဝင် အစိမ်းရောင်အရွက်ဖားဖားဟင်းသီးဟင်းရွက်များထဲရှိ Flavonoids ဓာတ်သည် ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ ဂျုံကြမ်းထဲတွင်ပါရှိသော ကစီဓာတ်နှင့် ဗီတာမင်ဘီ-၆ တို့က ကိုယ်ခံစွမ်းအားကောင်းခြင်း၊ သွေးနီဆဲလ်များ၏ ဇီဝဖြစ်စဉ်ကို ထိန်းသိမ်းပေးခြင်း၊ အာရုံခံအင်္ဂါအဖွဲ့အစည်းများကို တိုးတက်မြင့်မားလာခြင်း စသဖြင့် ကောင်းကျိုးပြုသည်။ ငါးကြီးဆီထဲရှိ အိုမီဂါ-၃ ဖက်တီးအက်စစ်က သားအိမ်ခေါင်းကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ ဂုန်လျှော်စေ့ကလည်း အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်၍ အလားတူ ကောင်းကျိုးပြုပေးနိုင်သည်။

အင်ဂိုင်းသတ္တုဓာတ်တစ်မျိုးဖြစ်သော ဇင့်သည် သားအိမ်ခေါင်းကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သလို လူ့ခန္ဓာကိုယ်ကိုဘေးဥပဒ်ဖြစ်စေသော ဖရီးရယ်ဒီကယ်လ်များကိုလည်း ဖျက်ဆီးပေးနိုင်သည်။ ဂရိတ်ဖရုသီးအပါအဝင် ဗီတာမင်စီပြည့်ဝစွာပါရှိသော လိမ္မော်သီး၊ ပန်းငရုတ်ပွနှင့် ဘရိုကိုလီ ခေါ် အစိမ်းရောင်ပန်းဂေါ်ဖီများက ကင်ဆာဆဲလ်ဖြစ်စေသည့် နိုက်ထရိုဂျင်ဓာတ်ပေါင်းစုများ အန္တရာယ်မှကြိုတင်ကာကွယ်ပေးသည်။ သားအိမ်ခေါင်းဝေဒနာရှင်များအနေဖြင့် ဗီတာမင်အီးကြွယ်ဝသော မြေပဲ၊ မြေပဲထောပတ်၊ မြေပဲဆီ၊ ဇာခံစေ့၊ ဇာခံစေ့ဆီ၊ နေကြာစေ့၊ နေကြာစေ့ဆီများကို စားပေးသင့်သည်။ ရက်စ်ဘယ်ရီသီးများက သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေကို ၈၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း လေ့လာသိရှိရသည်။ Betacarotene ဓာတ်ကြွယ်ဝသော အဝါရောင်ကန်စွန်းဥများကလည်း သားအိမ်ခေါင်းကင်ဆာဖြစ်လာနိုင်ခြေ အလားအလာကို ထက်ဝက်မျှလျှော့ချပေးနိုင်သည်။ ဗီတာမင်ဒီပြည့်ဝသော ဆယ်လ်မွန်ငါးအပါအဝင် ပင်လယ်ငါးများစားပါ။ အကယ်၍ ၎င်းငါးတို့ကို ရံဖန်ရံခါမှ စားဖြစ်သူများအတွက် ဗီတာမင်ဒီဆေးပြားများကို မှီဝဲသောက်သုံးသင့်သည်။ နနွင်းမှုန့်ထဲတွင် ပါရှိသော Curcumin ဓာတ်ပစ္စည်းက သားအိမ်ခေါင်းကင်ဆာဖြစ်စေသော HPV ပိုးများကို စွမ်းအားပြည့် တိုက်ထုတ်ပေးနိုင်သည်။ ဂေါ်ဖီမျိုးနွယ်ဝင်များဖြစ်ကြသော အဖြူရောင်ပန်းဂေါ်ဖီ၊ ဘရိုကိုလီ ခေါ် အစိမ်းရောင်ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်စားခြင်းဖြင့် ခန္ဓာကိုယ်ကို အဆိပ်အတောက်ပြေစေကာ ကင်ဆာရောဂါများ ဖြစ်မလာအောင် ဟန့်တားထားပေးနိုင်သည်။ တလည်းသီး၊ သစ်ကြားသီးနှင့် စပျစ်သီးစားပါ။

**အထူးသတိပြုရန်**

ရောဂါသည်များအနေဖြင့် ဆေးမြီးတိုများဖြင့် ကုသခြင်းများမပြုလုပ်ကြဘဲ နားလည်တတ်ကျွမ်းသော ဆရာဝန်များနှင့်သာ စနစ်တကျကုသမှုခံယူပါ။

# တနင်္သာရီတိုင်းဒေသကြီး၌ ရော်ဘာများ ယခင်နှစ်ထက် ဈေးကောင်းရရှိ



**ထားဝယ် ဇန်နဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ရော်ဘာဈေးကွက်၌ ရော်ဘာများ ယခင်နှစ်ထက် ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (တနင်္သာရီတိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဦးထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ရော်ဘာဈေးကွက်၌ ယခင်နှစ်ထက် ရော်ဘာများ ဈေးကောင်းရရှိနေသဖြင့် ရော်ဘာခြံပိုင်ရှင်များနှင့် ရော်ဘာလုပ်သားများ ဝင်ငွေတိုးကာ အဆင်ပြေလျက်ရှိကြောင်း၊ ရော်ဘာကို ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

"လက်ရှိ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာအမျိုးအစား RSS-3 နဲ့ RSS-5 နှစ်မျိုးအဓိကအရောင်းအဝယ် ဖြစ်နေပါတယ်။ အရင်နှစ်က ရော်ဘာဈေးနှုန်းအနေနဲ့ RSS-3 တစ်ပေါင်ကို ငွေကျပ် ၁၁၀၀၊ RSS-5 တစ်ပေါင်ကို ငွေကျပ် ၉၅၀ နှုန်းသာရရှိခဲ့ပြီး အခုလက်ရှိ ရော်ဘာဈေးနှုန်းကတော့ RSS-3 တစ်ပေါင်ကို ငွေကျပ် ၁၃၂၀ နှုန်း၊ RSS-5 တစ်ပေါင်ကို ငွေကျပ် ၁၂၂၀ နှုန်းပေါက်ဈေးရရှိပါတယ်။ RSS-3 က RSS-5 ထက် အပြစ်အနာအဆာကင်းတာကြောင့် ဈေးကောင်းပိုရရှိပါတယ်" ဟု ဦးကျော်ဦးက ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးသည့် ဧရိယာမှာ ၃၄၉၁၂၁ ဧကဖြစ်ပြီး အစေးလှီးဧရိယာမှာ ၁၉၃၂၇၅ ဧကရှိကာ အထွက်နှုန်းမှာ ၄၉၉ ဒသမ ၉၉ ပေါင်ရှိပြီး တစ်နှစ်စာပျှမ်းမျှအထွက်တန်မှာ ၄၃၈၃၄ မက်ထရစ်တန်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် မြန်မာနိုင်ငံတွင် ရော်ဘာအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများဖြစ်ကာ တနင်္သာရီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရော်ဘာအများဆုံး စိုက်ပျိုးကြပြီး စုစုပေါင်းစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိကြောင်း၊ နှစ်စဉ် ရော်ဘာတန်ချိန် ၁၉၀၀၀၀ ကျော်ကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ **ASH**

# ရွှေတောင်မြို့နယ် သဲခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ရွှေတောင် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် သဲခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်သန်းသန်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သဲခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် ကျေးရွာတာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သဲခုံကျေးရွာတွင် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ နည်းပညာများပံ့ပိုးကာ ကျေးရွာနေပြည်သူများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သဲခုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

## ပလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ



## ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မွေးနေ့ပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ဂေါးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်း နှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၀၊ ၀၉ ၆၇၈၉၉၉၉၂





# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ စက်မှု-၂ ဈေးရှိ (RC) ၂ထပ်၊ လူနေဆိုင်ခန်းငှားရမ်းရန်အတွက် အိတ်ဖွင့်လေလံကြော်ငြာခြင်း**

၁။ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု-၂ဈေးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် (၁၅×၄၀)ပေ၊ (RC) ၂ထပ်၊ လူနေဆိုင်ခန်း (၁၉)ခန်းကို တစ်ခန်းချင်းအလိုက် နှစ်စဉ် စာချုပ်ချုပ်ဆိုငှားရမ်းခြင်းအား လေလံစနစ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်လေလံ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀/- နှုန်းဖြင့် (၂၃-၁-၂၀၂၃)ရက်နေ့မှ (၃-၂-၂၀၂၃)ရက်နေ့အထိ ရောင်းချသွားပါမည်။

(ခ) (၁၇-၂-၂၀၂၃)ရက်နေ့တွင် အိတ်ဖွင့်လေလံလျှောက်လွှာအား နောက်ဆုံးထားတင်သွင်းရပါမည်။

(ဂ) အိတ်ဖွင့်လေလံလာရောက်လျှောက်ထားသည့်အခါ စပေါ် ငွေကို တစ်ပါတည်းပေးသွင်းရပါမည်။

၂။ သိရှိလိုသည်များရှိပါက ဖုန်း- ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးနှင့်သားသတ်ဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# ရန်သူမီးဘေး တားဆီးရေး မနေ့းဆောင်ရွက်ကြ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...

❖ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

## (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုဒ်ဦးဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

စာမျက်နှာ - ၂၄

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
MPU UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378

Services
- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services